မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်၊ ၂၀၁၁ ခုနှစ်၊ မတ် ၂၆ ရက်၊ စနေနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၇၇)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

ဘင်္ဂလားဒေ့ရှ်နိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၆

၂၀၁၁ ခုနှစ် မတ် ၂၆ ရက်တွင် ကျရောက်သော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ မိုဟာမက် ဇီလာ ရာမန် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၆

၂၀၁၁ ခုနှစ် မတ် ၂၆ ရက်တွင် ကျရောက်သော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံမှ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ဒီမိုကရေစီ ကျင့်စဉ်ဆိုသည်မှာ မကျင့်သုံးတတ်လျှင် မင်းမဲ့စရိုက်ဆန်သွားတတ်

ဒီမိုကရေစီကျင့်စဉ်ဆိုတာဟာ မကျင့်သုံးတတ်ရင် မင်းမဲ့စရိုက်ဆန် သွား တတ် တယ်။ ဒါကြောင့် ဒီမိုကရေစီစနစ်ကို ကျင့်သုံးတော့မယ်ဆိုရင် တိုင်းပြည်တည်ငြိမ်အေးချမ်းဖို့လိုတယ်။ နိုင်ငံသားတွေဟာ အသိပညာနဲ့ ရင့်ကျက်ကြဖို့လိုတယ်။ ဒါ့အပြင် နိုင်ငံတော်နဲ့ နိုင် ငံ သား တွေ ဟာ သင့်တင့်တဲ့ ခနဉစ္စာနဲ့ ပြည့်စုံကြွယ်ဝဖို့လည်းလိုတယ်။ ဒါကြောင့် တပ်မတော်ဟာ တစ်ဖက်က ဦးတည်ချက် (၁၂)ရပ် ချမှတ်ပြီး အစိုးရ၊ ပြည်သူနဲ့ တပ်မတော်တို့ စည်းစည်းလုံးလုံးနဲ့ အခြေခံ အုတ်မြစ်တွေကို တည်ဆောက်ပေးလျက်ရှိတဲ့နည်းတူ တစ်ဖက်က လည်း နိုင်ငံတော် ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး ခေတ်ပြောင်း စနစ်ပြောင်းတာဝန်ကို ဆောင်ရွက်လာခဲ့တာ ဖြစ်တယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၆၅)နှစ်မြောက် တပ်မတော်နေ့ မိန့်ခွန်းမှ -

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ကျင်းပ

မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း၊ အဆိုကိုဆွေးနွေးခြင်း၊ အဆိုများတင်သွင်းခြင်း၊ အဆိုကိုလက်ခံဆွေးနွေးရန် သင့် မသင့် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းများ ဆက်လက်ဆောင်ရွက်

တာချီလိတ်၊ တာလေဒေသ၌ မြေငလျင်ကြောင့် ထိခိုက်ဆုံးရှုံးမှုများအတွက် လွှတ်တော်မှ ဝမ်းနည်းကြောင်းအဆိုကို အတည်ပြု

နေပြည်တော် မတ် ၂၅

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် မတ် ၂၆ ရက်)

အသိပညာဗဟုသုတများတိုးပွားရေး စာပေဖတ်ရှုလေ့လာ

ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သည်။ လူငယ်လူရွယ်များသည် အနာဂတ်တွင် တိုင်းပြည်အကျိုးကို စွမ်းစွမ်းတမံဖော်ဆောင်နိုင်ရန် ခေတ်မီနည်းပညာနှင့် အတတ်ပညာများ တတ်ကျွမ်းထားရန် လိုအပ်သည်။

စာပေသည် အသိအလိမ္မာ၊ ဉာဏ်ပညာတိုးတက်မြင့်မားရေးအတွက် မီးရှူးတန်ဆောင်ဖြစ်သည်။ ထို့ကြောင့် ယနေ့လူငယ်လူရွယ်များသည် ခေတ်မီသိပ္ပံနှင့်နည်းပညာစာပေများနှင့်အတူ အခြားသော လေ့လာမှတ်သားဖွယ်စာပေများကို လေ့လာဖတ်ရှုကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ လူဦးရေအများစုသည် ကျေးလက်ဒေသတွင်နေထိုင်ကြသည့်အတွက် ကျေးလက်နေပြည်သူများ၏ စာပေဖတ်ရှုလေ့လာမှု မြင့်မားလာသည်နှင့်အမျှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်သည်။ ကျေးလက်နေပြည်သူများ၊ လူငယ်လူရွယ်များ အသိပညာဗဟုသုတ ရှာမှီးနိုင်ရေးအတွက် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များကို ထူထောင်ဖွင့်လှစ်ပေးလျက်ရှိသည်။

ယခုအခါ ကျေးလက်စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး၊ လူ့အရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်းကို ဖွဲ့စည်းထားပြီးဖြစ်သည်။ ယင်းဖောင်ဒေးရှင်းကြီးသည် ကျေးလက်ပြည်သူများ စာဖတ်ရှိန်မြင့်မားပြီး စာပေကို စွဲစွဲမြဲမြဲဖတ်ရှုသည့် အလေ့အကျင့်များ ရရှိစေရန်အတွက်ဖြစ်သည်။

ယနေ့လူငယ်များသည် ပင်ကိုအရည်အချင်းပြည့်စုံနေရန် ကြိုးပမ်းသွားကြရမည်ဖြစ်သည်။ ယင်းသို့အရည်အချင်းပြည့်စုံနေစေရန် အဓိကလုပ်ဆောင်ရမည့်အချက်သည် စာပေလေ့လာဖတ်ရှုခြင်းပင်ဖြစ်သည်။

သို့ဖြစ်ပေရာ လူငယ်လူရွယ်များသည် အသိပညာဗဟုသုတများကို ရှာဖွေလေ့လာဆည်းပူးရာတွင် ပညာဘဏ်တိုက်ဖြစ်သည့် စာကြည့်တိုက်များမှသာ အများဆုံးရရှိနိုင်မည်ဖြစ်ရာ အနာဂတ်နိုင်ငံတော်အကျိုးအတွက် ပြည့်ဝသောအားများရရှိရန် စာပေများကို စာကြည့်တိုက်များ၌ စဉ်ဆက်မပြတ် လေ့လာဆည်းပူးသွားသင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရွှေလှေကြီးကျေးရွာ ကျေးလက်ကျန်းမာရေးဌာန မှော်ဘီမြို့နယ်၌ဖွင့်

ရန်ကုန် မတ် ၂၅

မှော်ဘီမြို့နယ် ရွှေလှေကြီးကျေးရွာ ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံဖွင့်ပွဲကို မတ် ၂၂ ရက် နံနက် ၉ နာရီက အဆိုပါအဆောက်အအုံရှေ့၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စိုးလွင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ သန်းထွန်းနှင့် ဝေါလ်ဗွီးရှင်း တာဝန်ခံ ဒေါက်တာ ဇင်ထွေးစီတို့က အဆောက်အအုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ပြောကြား

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်ကျန်းမာရေးဦးစီးမှူးတို့က အမှာစကားပြောကြားပြီး ကျေးရွာဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

တည်ဆောက်ခဲ့

အဆိုပါ အဆောက်အအုံသည် ဝေါလ်ဗွီးရှင်း(မြန်မာ)နှင့် ကျေးရွာပြည်သူများပူးပေါင်း၍ ငွေကျပ် ၁၉၃သိန်းကျော် အကုန်အကျခံ တည်ဆောက်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ-မလေးရှားစီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးမည်

ရန်ကုန် မတ် ၂၅

မလေးရှားနိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာန Malaysia External Trade Development Corporation (MATRADE)၊ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားသံရုံးတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ပူးပေါင်း၍ မလေးရှားကုမ္ပဏီ ၁၃ ခုမှ စီးပွားရေးလုပ်ငန်းရှင် ၂၃ ဦးခန့်ပါဝင်သော ကိုယ်စားလှယ်အဖွဲ့နှင့်မြန်မာစီးပွားရေးလုပ်ငန်းရှင်များအကြား စီးပွားရေးလုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေးပွဲကို မတ် ၂၉ ရက် မွန်းလွဲ ၂ နာရီတွင် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် မလေးရှားစီးပွားရေးလုပ်ငန်းရှင်များသည် လူသုံး၊ အိမ်သုံး၊ ဆောက်လုပ်ရေးသုံးကုန်ပစ္စည်းအမျိုးမျိုး၊ ကွန်ပျူတာ၊ လျှပ်စစ်၊ ဆက်သွယ်ရေး၊ ဆေးဝါးပစ္စည်းအမျိုးမျိုးနှင့် သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း၊ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း၊ မော်တော်ယာဉ်အပိုပစ္စည်းအမျိုးမျိုး ထုတ်လုပ်မှုလုပ်ငန်း၊ စားအုန်းဆီ၊ ရော်ဘာ၊ ပလတ်စတစ်၊ သစ်၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆိုင်သော ထုတ်ကုန်လုပ်ငန်းများ၊ သစ်သားပရိဘောဂလုပ်ငန်း၊ အထည်ချုပ်လုပ်ငန်း၊ စာရေးကိရိယာအမျိုးမျိုး၊ အားကစားအသုံးအဆောင်ပစ္စည်းအမျိုးမျိုး၊ စားသောက်ကုန်လုပ်ငန်း၊ ဓာတုဗေဒပစ္စည်းလုပ်ငန်းစသည်တို့ကို မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရန် တွေ့ဆုံဆွေးနွေးကြမည်ဖြစ်ရာ ဆွေးနွေးပွဲသို့ တက်ရောက်ရန် စိတ်ဝင်စားသည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များသည် ကုန်သည်/စက်မှုအသင်းချုပ် နိုင်ငံတကာဆက်ဆံရေးဌာနသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း-၂၁၄၃၄၄-၄၉ သို့လည်းကောင်း ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

(ကုန်သည်/စက်မှုအသင်းချုပ်)



သထုံမြို့နယ် ပန်းခြံများအတွင်း မြေယာရှုခင်း အလှပြုပြင်ခြင်းလုပ်ငန်းကို မတ် ၂၁ ရက်က ဒုတိယဦးစီးမှူး (သန့်) ဦးဝေယံလင်းနှင့် ဝန်ထမ်းများ ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ကျောက်ဖြူမြို့နယ် ငလေပွေ့ချောင်း ဒီရေတောအတွင်း ရေငန်ပုစွန်ကျားသားပေါက်များ မျိုးစိုက်ထည့်

ကျောက်ဖြူ မတ် ၂၅

ငါးလုပ်ငန်းဦးစီးဌာနနှင့် မြန်မာနိုင်ငံကမ်းဝေးငါးဖမ်းလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းဆောင်ရွက်သော မြန်မာ့ပင်လယ်ပြင် ရေသယံဇာတတိုးပွားရေးနှင့် ငါးလုပ်ငန်းစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မတ် ၁၄ ရက် နံနက်ပိုင်းက ကျောက်ဖြူခရိုင် ကျောက်ဖြူမြို့ ငလေပွေ့ချောင်းတွင် ရေငန်ပုစွန်ကျားသားပေါက်ကောင်ရေ ၁၅ သိန်း မျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ကျောက်ဖြူခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထွန်းတင်က ရေငန်ပုစွန်ကျားသားပေါက်များကို လွှဲပြောင်းပေးအပ်ပြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မျိုးဝင်းနှင့် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမျိုးအောင်တို့က ရေငန်ပုစွန်ကျားသားပေါက်များ မျိုးမသုဉ်းစေရေးအတွက် မြန်မာ့ပင်လယ်ပြင်အတွင်း မျိုးစိုက်ထည့်ရခြင်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ငလေပွေ့ချောင်း ဒီရေတောအတွင်းသို့ ရေငန်ပုစွန်ကျားသားပေါက်များကို စုပေါင်း မျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရှိရသည်။ **(ဝဲပုံ)**

(ခရိုင် ပြန်/ဆက်)

လဲချားမြို့ ဟိုနောင်လုံကျေးရွာ၌ စက်ရေတွင်း ဖွင့်ပွဲကျင်းပ

လဲချား မတ် ၂၅

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လဲချားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော ဟိုနောင်လုံကျေးရွာ စက်ရေတွင်းဖွင့်ပွဲကို မတ် ၂၂ ရက်က အဆိုပါကျေးရွာရှိ စက်ရေတွင်း၌ကျင်းပရာ လဲချားမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်း၊ မြို့နယ်စည်ပင်သာယာ ရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးလင်းနှင့် ဟိုနောင်လုံကျေးရွာ ရပ်မိရပ်ဖ ဦးစိုင်းဒေဝိန်တို့က စက်ရေတွင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

ဖဲကြိုးဖြတ်ဖွင့်လှစ်

မော်လမြိုင်ကျွန်းမြို့နယ် ရွှေကျွန်း (၂)လမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲကို မတ် ၁၂ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ရှိသူတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

ထန်းတပင်မဲဆန္ဒနယ်မှ ဦးသိန်းရီ၏ ထန်းတပင်မြို့နယ် တက်သစ်ကျွန်းနှင့် ဘောလယ်ကျွန်း ဆက်သွယ်မည့် မြစ်ကူးတံတား တည်ဆောက်မည့်အစီအစဉ်နှင့် စပ်လျဉ်းသည့်မေးခွန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ပြန်လည်ဖြေကြား

နေပြည်တော် မတ် ၂၅

ယနေ့ကျင်းပသော ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ထန်းတပင်မဲဆန္ဒနယ်မှ ဦးသိန်းရီက **ထန်းတပင်မြို့နယ် တက်သစ်ကျွန်းနှင့် ဘောလယ်ကျွန်း ဆက်သွယ်မည့် မြစ်ကူးတံတား တည်ဆောက်မည့် အစီအစဉ် ရှိ မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် တည်ဆောက်နိုင်မည်နှင့် စပ်လျဉ်း၍** မေးမြန်းသည်။

ထန်းတပင် မဲဆန္ဒနယ်မှ ဦးသိန်းရီ မေးမြန်းစဉ်။

(သတင်းစဉ်)

သွားလာနိုင်

အဆိုပါမေးမြန်းချက်နှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့သည် ယခင်က ကုန်းတွင်းပိတ်မြို့လေးတစ်မြို့ဖြစ်ပါကြောင်း၊ ၁၉၈၀ ခုနှစ်နောက်ပိုင်းတွင် ရန်ကုန်-ပုသိမ်လမ်းမကြီး ဖောက်လုပ်ခဲ့ပြီးသည့်နောက် ၄င်းလမ်းမကြီးမှတစ်ဆင့် ထန်းတပင်မြို့သို့ သွားနိုင်ရန် အရှည် (၉)မိုင် (၆)ဖာလုံ အကျယ် (၁၂)ပေရှိ ထန်းတပင်-သီတာ အေးလမ်းအား ကတ္တရာလမ်း ဖောက်လုပ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် ထန်းတပင်မြို့နှင့် ရန်ကုန်မြို့တို့မှာ (၁၈) မိုင် အကွာအဝေးသာရှိသည့်အတွက် နေ့ရောညပါ လွယ်ကူချောမွေ့စွာ သွားလာနိုင်ပြီဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရက ဘောလယ်ကျွန်း ဒေသဖွံ့ဖြိုးရေးအတွက် ၂၀၀၀ ခုနှစ်တွင် ပေ ၁၉၄၀ ရှည် လှိုင်မြစ်ကူးတံတား (မြို့ချောင်း)နှင့် ပေ ၁၉၄၀ ရှည် ဘောလယ်မြစ်ကူးတံတား (ရေပေါ်သောင်)တို့ကို (၂)လမ်းသွား သံကူကွန်ကရစ်တံတားကြီး (၂)စင်းအဖြစ် ဆောက်လုပ်ပေးခဲ့ပါကြောင်း၊ ၄င်းအပြင် မော်ဘီမြို့မှ ရေတွင်းကုန်း-မြို့ချောင်း-ရေပေါ်သောင်-ကွမ်းခြံကုန်း-ရွာသာလမ်းအရှည်(၂၉)မိုင်(၂)ဖာလုံရှိသော ဘောလယ်ကျွန်းဖြတ်လမ်းမကြီးကို ဖောက်လုပ်ပေးခဲ့ပြီး ရွာသာမှ အဖျောက်သို့ (၁၀)မိုင် (၃)ဖာလုံ၊ ရွာသာမှ ရန်ကုန်-ပြည်လမ်းပေါ်ရှိ ဥတိုသို့ (၅)မိုင် (၂)ဖာလုံ အသီးသီး ဆက်သွယ်သွားလာနိုင်ပါကြောင်း။

ပေါင်းဆုံ

တက်သစ်ကျွန်းနှင့် ဘောလယ်ကျွန်း အကြား ဘောလယ်မြစ်နှင့် လှိုင်မြစ်တို့ကို ဆက်စပ်စီးဆင်းသည့် ကုက္ကိုဝမြစ်သည် ထန်းတပင်မြို့အနီး၌ လှိုင်မြစ်နှင့် ပေါင်းဆုံပါကြောင်း၊ ကုက္ကိုဝမြစ်၏ ပျမ်းမျှအကျယ်မှာ ပေ(၁၀၀၀)ခန့်ရှိပြီး တံတားတည်ဆောက်မည်ဆိုပါက ချဉ်းကပ်လမ်းနှစ်ဖက်နှင့် အရှည်ပေ(၁၉၀၀)ခန့် ရှည်မှာဖြစ်ပါကြောင်း။

ရောက်ရှိနိုင်မည်

ထန်းတပင်မြို့နယ်ရှိ ပြည်သူများနှင့် တက်သစ်ကျွန်းရှိ ပြည်သူများ ဘောလယ်ကျွန်းသို့သွားလိုပါက ထန်းတပင်မှ ရန်ကုန်-ပုသိမ်လမ်းဆုံသို့ (၉)မိုင်၊ ရန်ကုန်-ပုသိမ်လမ်းဆုံမှ ရွှေပြည်သာလမ်းဆုံအပိုင်းသို့ (၄)မိုင်၊ ရွှေပြည်သာလမ်းဆုံအပိုင်းမှ ရွှေပြည်သာတံတားသို့ (၅)မိုင်၊ ရွှေပြည်သာတံတားမှ တညင်းကုန်းလမ်းဆုံသို့ (၁)မိုင် (၂)ဖာလုံ၊ တညင်းကုန်းလမ်းဆုံမှ မော်ဘီသို့ (၁၂)မိုင် (၄)ဖာလုံ၊ မော်ဘီမှ ရေတွင်းကုန်းသို့ (၅)မိုင် (၁)ဖာလုံ၊ ရေတွင်းကုန်းမှ မြို့ချောင်းတံတားသို့ (၂)မိုင် (၄)ဖာလုံ၊ မြို့ချောင်းတံတားမှ ဘောလယ်ရွာသို့ (၁၆)မိုင် (၆)ဖာလုံ၊ စုစုပေါင်း (၅၆)မိုင် (၇)ဖာလုံ ခရီးသွားကြာချိန် (၂)နာရီခန့်ဖြင့် ရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ထန်းတပင်မြို့နယ် တက်သစ်ကျွန်းနှင့် ဘောလယ်ကျွန်းတို့ကို ဆက်သွယ်မည့် မြစ်ကူးတံတားဆောက်လုပ်ရန် အစီအစဉ်မရှိသေးပါကြောင်း။

ဆောင်ရွက်

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ဒေသလိုအပ်ချက်ကို အခြေခံပြီး လမ်း၊ တံတားများ အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းများကို သက်ဆိုင်ရာ လမ်းအပိုင်းအလိုက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တံတားများ

ပြန်လည်ဖြေကြား

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် မေးမြန်းချက်ကို ပြန်လည်ဖြေကြားစဉ်။

(သတင်းစဉ်)

အဆင့်မြှင့်တင်ခြင်း၊ အသစ်တည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ၌ အရှည် ပေ(၁၈၀)အောက် တံတားများကို ဝန်ကြီးဌာန အစီအစဉ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိပြီး လိုအပ်ချက်အရ အရှည်ပေ (၁၈၀)အထက် တံတားများတည်ဆောက်ရန်ရှိပါက နိုင်ငံတော်အစိုးရသို့ တင်ပြပြီး ခွင့်ပြုချက်ရယူ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ထန်းတပင်မြို့နယ်ရှိ ကျွန်းကြီး (၂)ကျွန်းဖြစ်သော တက်သစ်ကျွန်းနှင့် ဘောလယ်ကျွန်းတို့သည် ရန်ကုန်မြို့နှင့် မော်ဘီမြို့များကို အခြေခံပြီး အသီးသီး ဆက်သွယ်သွားလာမှု အဆင်ပြေလျက်ရှိသည့်အတွက် လက်ရှိအခြေအနေတွင် တံတားထိုးရန်အစီအစဉ် မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

(သတင်းစဉ်)

ထန်းတပင်မဲဆန္ဒနယ်မှ ဦးသိန်းရီ၏ ထန်းတပင်မြို့နယ် လမုတန်းလေးကျေးရွာနှင့် ကျူတောကျေးရွာအုပ်စု မြေသားလမ်းအား ကျောက်ချောလမ်းခင်းရန်နှင့် စပ်လျဉ်းသည့်မေးခွန်းကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့် ပြန်လည်ဖြေကြား

နေပြည်တော် မတ် ၂၅

ယနေ့ကျင်းပသော ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ထန်းတပင်မဲဆန္ဒနယ်မှ ဦးသိန်းရီက **ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် လမုတန်းလေးကျေးရွာနှင့် ကျူတောကျေးရွာအုပ်စု မြေသားလမ်းအား ကျောက်ချောလမ်းခင်းရန် အစီအစဉ်ရှိ မရှိနှင့် ရှိပါက မည်သည့်အချိန်၌ ကျောက်ချောလမ်းခင်းနိုင်မည်ကို သိရှိလိုပါကြောင်း** မေးမြန်းသည်။

သတ်မှတ်ပေးခဲ့

အဆိုပါမေးမြန်းချက်နှင့်စပ်လျဉ်း၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်က မြို့များ သာယာလှပရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကိုဆောင်ရွက်ရန် ၁၉၉၃ ခုနှစ် ဧပြီလ ၁ ရက်နေ့စွဲဖြင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် (၅/၉၃) စည်ပင်သာယာရေး အဖွဲ့များ ဥပဒေကို ထုတ်ပြန်ခဲ့ပါကြောင်း၊ အဆိုပါ စည်ပင်သာယာရေးအဖွဲ့များ ဥပဒေ ပုဒ်မ (၉)တွင် လုပ်ငန်းတာဝန် (၃၁)ချက်အား အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ကြီးကြပ်ကွပ်ကဲရန် သတ်မှတ်ပေးခဲ့ပါကြောင်း။

အဆိုပါလုပ်ငန်းအား အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် မြို့နယ်အတွင်း ဥပဒေအရခွင့်ပြုသည့် အခွန်၊ အခ၊ အကောက်များ ကောက်ခံ၍ ရငွေအား ဝင်ငွေအဖြစ် သတ်မှတ်ပြီး ဥပဒေနှင့်အညီ ဝန်ကြီးဌာနခွင့်ပြုချက်ဖြင့် မြို့ပြသာယာလှပရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြန်လည်သုံးစွဲဆောင်ရွက်ရသော ဒေသန္တရ အဖွဲ့အစည်းများဖြစ်ပါကြောင်း။

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့် မေးမြန်းချက်ကို ပြန်လည်ဖြေကြားစဉ်။

(သတင်းစဉ်)

ထန်းတပင်မြို့နယ်အနေဖြင့် နှစ်စဉ်ကောက်ခံရရှိသည့် အခွန်၊ အခ၊ အကောက်မှာ ဝင်ငွေနည်းပါးသဖြင့် နိုင်ငံတော်မှ နှစ်စဉ်ထောက်ပံ့ငွေဖြင့် ထပ်ဆောင်း၍ မြို့ပြနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်ပြီး မြေသားလမ်းမှ ကျောက်ချောလမ်း၊ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးနေခြင်း ဖြစ်ပါကြောင်း။

ဆောင်ရွက်ပေးနိုင်

ဥပမာ ရှင်းလင်းတင်ပြရပါက ထန်းတပင်မြို့နယ်တွင် ၁၉၉၈ ခုနှစ်မတိုင်မီ မြို့ပြနှင့် ကျေးလက်လမ်းအနေဖြင့် ကျောက်ချောလမ်း (၂) ဖာလုံ၊ မြေသားလမ်း (၈) မိုင်၊ စုစုပေါင်း (၈) မိုင် (၂) ဖာလုံသာ ရှိခဲ့ပါကြောင်း၊ ယခုအခါ မြို့ပြနှင့် ကျေးလက်လမ်း အကောင်အထည်ဖော်ဆောင်ရွက်မှုအနေဖြင့် ကတ္တရာလမ်း (၅) မိုင် (၇) ဖာလုံ၊ ကျောက်ချောလမ်း (၁) မိုင်၊ ဂဝံလမ်း (၂၁) မိုင်၊ မြေသားလမ်း (၇၃) မိုင် (၇) ဖာလုံ၊ စုစုပေါင်း (၁၀၁) မိုင် (၆) ဖာလုံနှင့် တံတား ၁၁၄ စင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း။

တိုးမြှင့်ဆောင်ရွက်

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် အနောက်ပိုင်း တက္ကသိုလ်နှင့် အေးရွာလေး ကျေးရွာသို့ သွားသော လမ်းအရှည် (၃) မိုင် (၁) ဖာလုံအား ၂၀၀၀-၂၀၀၁ ခုနှစ်မှ စတင်၍ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အထိ မူလ မြေသားလမ်းမှ ကတ္တရာလမ်းသို့ အဆင့်ဆင့် တိုးမြှင့် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

ကျေးလက်လမ်းများ ဆောင်ရွက်ရာတွင် (၁) လူဦးရေ သိပ်သည်းမှု၊ (၂) စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအရ လိုအပ်ချက်၊ (၃) ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်မှု စသည်တို့အပေါ် ဦးစားပေးစဉ်းစားလျက် စည်ပင်သာယာရေးဦးစီးဌာနက ကြီးကြပ်စီမံဆောင်ရွက်နေခြင်းဖြစ်ပြီး မြို့နယ်ရန်ပုံငွေနှင့် မလုံလောက်၍ နိုင်ငံတော်သို့ တင်ပြလာသည့်အခါ နိုင်ငံတော်က ဦးစားပေးအစီအစဉ်ဖြင့် ခွင့်ပြုပေးလျက်ရှိပါကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၂၅၄)အရ မြို့နယ် စည်ပင်သာယာရေးအဖွဲ့များ၏ အခွန်အခများကို တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီး ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေအတိုင်း မြို့များတွင် စည်ပင်သာယာရေးအဖွဲ့များဥပဒေနှင့်အညီ ပြန်လည်သုံးစွဲရန် ခွင့်ပြုထားပါကြောင်း။

သို့ဖြစ်ပါ၍ ထန်းတပင်မြို့နယ် လမုတန်းလေးကျေးရွာမှ ကျူတောကျေးရွာအုပ်စု မြေသားလမ်း (၁၄) မိုင် (၆) ဖာလုံအား ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးရေးနှင့် ပတ်သက်၍ အဆိုပါလမ်းအား အထက်ဖော်ပြပါ ဦးစားပေးစဉ်းစားရမည့် အချက်များအပေါ် သုံးသပ်၍ တာဝန်ရှိသူ အဆင့်ဆင့်က ဦးစားပေးအဆင့် သတ်မှတ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

(သတင်းစဉ်)

**** ရှေ့ဖုံးမှ***

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ရောက်ရှိနေရာယူသည်။ ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက ယနေ့ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်(၆၅၆)ဦးရှိသည့်အနက် (၆၅၃)ဦးတက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် (၉၉ ဒသမ ၅၄) ရာခိုင်နှုန်း တက်ရောက်သဖြင့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်းကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းထားသည့် မေးခွန်းများအနက် ကြယ်ပွင့်ပြမေးခွန်းများဖြစ်သော ထန်းတပင်မဲဆန္ဒနယ်မှ ဦးသိန်းရီ၏ **"ထန်းတပင်မြို့နယ် တက်သစ်ကျွန်းနှင့် ဘောလယ်ကျွန်းဆက်သွယ်မည့် မြစ်ကူးတံတား တည်ဆောက်မည့်အစီအစဉ်"** နှင့်စပ်လျဉ်းသည့်မေးခွန်းနှင့် **"ထန်းတပင်မြို့နယ် လမုတန်းလေးကျေးရွာနှင့် ကျူတောကျေးရွာအုပ်စု မြေသားလမ်းအား ကျောက်ချောလမ်းခင်းရန်"** နှင့်စပ်လျဉ်းသည့်မေးခွန်း၊ အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး၏ **"ဈေးကစားခြယ်လှယ်မှုနှင့် စီးပွားရေးလက်ဝါးကြီးအုပ်မှုတို့ကို လက်ရှိဥပဒေဖြင့်လည်းကောင်း၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းအသစ် ပြဋ္ဌာန်းခြင်းဖြင့်လည်းကောင်း ကာကွယ်တားဆီးထိန်းသိမ်းရေး"** နှင့် စပ်လျဉ်းသည့်မေးခွန်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဌေးမောင်၏ **"အမျိုးသားပညာရေး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်မှုရှိအောင် နိုင်ငံတော်က မည်သို့စီမံထားကြောင်း၊ အခမဲ့ပညာသင်ကြားရေး၊ နောင်လာမည့်ပညာရေးစနစ်တွင် ပုဂ္ဂလိကအခန်းကဏ္ဍမှ ပေါင်းစပ်နိုင်မှု ရှိ မရှိ၊ မည်သည့်အဆင့်ထိခွင့်ပြုမည်"** နှင့် စပ်လျဉ်းသည့်မေးခွန်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဝင်းမောင်၏ **"အင်္ဂလိပ်စာ Reading, Writing, Listening, Speaking စသော 4 Skills ကျွမ်းကျင်ရေး"** နှင့်စပ်လျဉ်းသည့် မေးခွန်းနှင့် တာမွေမဲဆန္ဒနယ်မှ ဒေါ်လှဲ့လှဲ့ဝင်းဆွေ၏ **"ကုန်ဈေးနှုန်းများ တည်ငြိမ်မှုရှိအောင်နှင့် ဆက်လက်ထိန်းသိမ်းထားနိုင်ရေး"** နှင့် စပ်လျဉ်းသည့် မေးခွန်းများကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များဖြစ်ကြသော ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်း၊ ပညာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းတို့က ပြန်လည်ဖြေကြားကြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူထားပြီးဖြစ်သည့် ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦး၏ **"မြန်မာနိုင်ငံအပေါ် စီးပွားရေးအရ ပိတ်ဆို့မှုများကို ဤလွှတ်တော်က ကန့်ကွက်ကြောင်း"** အဆိုနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ဖြစ်သော ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းက ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းများ ဆောင်ရွက်ကြသည်။

မှတ်တမ်းတင်

ကြားဖြတ်အစီအစဉ်အဖြစ် ယမန်နေ့ည (၈)နာရီခွဲခန့်က မြန်မာနိုင်ငံအရှေ့ပိုင်း တာချီလိတ်၊ တာလေဒေသကို ဗဟိုပြု၍ ရစ်ချ်တာစကေး ၇ အဆင့်ရှိ မြေလျင်လှုပ်ခတ်သွားမှုကြောင့် ယခုအချိန်အထိ ရရှိသောသတင်းများအရ သေဆုံးသူ (၇၃)ဦး၊ ဒဏ်ရာရသူ (၁၂၅)ဦးရှိခဲ့ကြောင်း၊ ယင်းမြေလျင်ကြောင့် ထိခိုက်ဆုံးရှုံးမှုများအတွက် လွှတ်တော်မှ ဝမ်းနည်းကြောင်းအဆိုကို ပြည်ထောင်စုလွှတ်တော် နာယက က တင်သွင်းသည်။ လွှတ်တော်က ထောက်ခံအတည်ပြုသည့်အတွက် ဝမ်းနည်းကြောင်းအဆိုကို မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဗညားအောင်မိုး (ခ) ဒေါက်တာဗညားအောင်မိုး၏ **"အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဆောင်ရွက်ရန် နိုင်ငံတော်အစိုးရအားတိုက်တွန်းကြောင်း"** အဆို၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာ မြတ်ဉာဏစိုး၏ **"ပြည်ပပြောင်းရွှေ့လုပ်သားများဆိုင်ရာဌာနတစ်ခုကို သင့်လျော်သည့် ဝန်ကြီးဌာနလက်အောက်တွင် ဖွဲ့စည်းဆောင်ရွက်ရန် နိုင်ငံတော်အစိုးရအားတိုက်တွန်းကြောင်း"** အဆို၊ **"ဆေးတက္ကသိုလ်ဝင်ခွင့်ကို ဒေသအလိုက် အချိုးကျသတ်မှတ်ရေး"** အဆိုနှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါက်တာအေးမောင်၏ **"နိုင်ငံတော်အတွင်း ကြက်၊ ငှက်တုပ်ကွေးရောဂါဖြစ်ပွားခြင်းကြောင့် ကြက်၊ ဘဲများအား သုတ်သင်ရှင်းလင်းရသည့်အခါ မွေးမြူရေးသမား နိုင်ငံသားလုပ်ငန်းရှင်များ မနစ်နာစေရန်အတွက် လျော်ကြေး သို့မဟုတ် ထောက်ပံ့ငွေပေးရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အထူးချေးငွေ ထုတ်ချေးပေးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုများကို တင်သွင်းခြင်းနှင့် ပြည်ထောင်စုလွှတ်တော်က လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်းများ ဆောင်ရွက်ကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက ပထမအကြိမ်ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ကို ရပ်နားကြောင်းနှင့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့ကို မတ်လ (၂၈)ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

အစည်းအဝေးကို ညနေ ၃ နာရီ မိနစ် ၄၀ တွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

အထက(တာပွန်) အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၅

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် အထက(တာပွန်)တွင် ၁၉၅၄ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ပညာသင်ကြားပေးခဲ့သော ဆရာကြီး၊ ဆရာမကြီးများအား ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို မတ် ၂၉ ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် အထက (တာပွန်) ရွှေရတုခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ အနေဖြင့် ဦးလှဦး(မြို့နယ်ပညာရေးမှူး) နတ်တလင်း ဖုန်း-၀၅၃-၃၆၀၃၁၊ ဦးထွန်းရှင် (ကျောင်းအုပ်ကြီး၊ အထက တာပွန်)ဖုန်း-၀၅၃-၃၄၂၀၁၊ ဦးမြင့်စိုး ဖုန်း-၀၁-၅၄၂၂၂၆၊ ဦးဟန်ဝင်းအောင် ဖုန်း ၀၉-၅၅၀၃၃၇၈၊ ဦးညွန့်ဝင်း ဖုန်း-၀၉-၅၃၆၈၃၂၄နှင့် ဦးကျော်ကျော်နိုင် ဖုန်း-၀၉-၅၃၁၁၄၈၀တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၁၃၅)

အောင်မြေသာစံ မဲဆန္ဒနယ်မှ ဦးကိုကြီး၏ ဈေးကစားခြယ်လှယ်မှုနှင့် စီးပွားရေးလက်ဝါးကြီးအုပ်မှုတို့ကို လက်ရှိဥပဒေဖြင့်လည်းကောင်း၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းအသစ် ပြဋ္ဌာန်းခြင်းဖြင့်လည်းကောင်း ကာကွယ်တားဆီးထိန်းသိမ်းရေးနှင့် စပ်လျဉ်းသည့်မေးခွန်းကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်း ပြန်လည်ဖြေကြား

ပြန်လည် ဖြေကြား

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဝန်ကြီး ဦး တင် နိုင် သိန်း မေး မြန်း ချက် ကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၂၅

ယနေ့ကျင်းပသော ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီးက **ပြည်တွင်းကူးသန်းရောင်းဝယ်မှု၊ ပြည်ပကူးသန်းရောင်းဝယ်မှုတို့တွင် ဈေးကွက်စီးပွားရေးစနစ် မှန်မှန်ကန်ကန် ဖွံ့ဖြိုးတိုးတက်ပြီး ဈေးကွက် ထိခိုက်ပျက်ပြားစေမည့်၊ တစ်နည်းအားဖြင့် စိုက်ပျိုး ထုတ်လုပ်သူတောင်သူများ၊ မှန်ကန်စွာကူးသန်းရောင်းဝယ်သူများနှင့် စားသုံးသူပြည်သူတို့အတွက် ထိခိုက်နစ်နာစေမည့် ဈေးကစားခြယ်လှယ်မှု၊ စီးပွားရေး လက်ဝါးကြီးအုပ်မှုတို့ကို မည်သို့မည်ပုံကိုင်တွယ်ဖြေရှင်းဆောင်ရွက်သွားသင့်သည်၊ လက်ရှိကျင့်သုံးနေသော ဥပဒေများဖြင့် မည်သို့ကာကွယ်တားဆီးထိန်းသိမ်းသွား သင့်သည်နှင့် ဥပဒေလုပ်ထုံးလုပ်နည်းအသစ်များ ပြဋ္ဌာန်းဆောင်ရွက်ရန် လိုအပ်ပါက မည်သို့ဆောင်ရွက်သွားမည်တို့ကို သိလိုပါကြောင်း** မေးမြန်းသည်။

အောင်မြေသာစံ မဲဆန္ဒနယ်မှ ဦးကိုကြီး မေးမြန်းစဉ်။ (သတင်းစဉ်)

ပူးပေါင်းဖော်ထုတ်

အဆိုပါမေးမြန်းချက်နှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်းက ဈေးကစားခြယ်လှယ်၊ စီးပွားရေး လက်ဝါးကြီးအုပ်မှုတို့ကြောင့် အများပြည်သူ ထိခိုက်မှုများအတွက် ဥပဒေအရ အရေးယူဆောင်ရွက်နိုင်မည့် လက်ရှိတည်ဆဲဥပဒေများမှာ သွင်းကုန်ပို့ကုန် ကြီးကြပ်ရေး (ယာယီ)အက်ဥပဒေ (The Control of Imports and Exports Temporary Act)၊ အရေးကြီးသော ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာ အက်ဥပဒေ (The Essential Supplies and Services Act)၊ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေ (The Sea Customs Act)၊ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေ (The Land Customs Act)၊ ပဋိညာဉ်အက်ဥပဒေ (The Contract Act)၊ ကုန်ရောင်းခြင်း အက်ဥပဒေ (The Sale of Goods Act) နှင့် ပြစ်မှုဆိုင်ရာ ဥပဒေတို့ဖြစ်ပါကြောင်း၊ ထို့အပြင် စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၊ မှန်ကန်စွာကူးသန်းရောင်းဝယ်သူများနှင့် စားသုံးသူပြည်သူတို့အတွက် ထိခိုက်နစ်နာစေမည့် ဈေးကစားခြယ်လှယ်မှု၊ စီးပွားရေး လက်ဝါးကြီးအုပ်မှုတို့နှင့် ပတ်သက်၍ အစိုးရအဖွဲ့၏ သဘောတူညီချက်နှင့်အညီ အခွင့်ရအာဏာပိုင်က အမိန့်များထုတ်ပြန်၍ ထိန်းသိမ်းဆောင်ရွက်သွားနိုင်ပါကြောင်း၊ ယင်းသို့ထုတ်ပြန်ထားသော အမိန့်များကို မလိုက်နာမှု၊ ပျက်ကွက်မှုများ ပေါ်ပေါက်လာပါက တည်ဆဲသက်ဆိုင်ရာ ဥပဒေများနှင့်အညီ လိုအပ်သလို အရေးယူဆောင်ရွက်ရမှာဖြစ်ပါကြောင်း၊ ဦးကိုကြီး မေးမြန်းချက်တွင် ဖော်ပြထားသည့် ပဲအရောင်းအဝယ် အရှုပ်အရှင်းပြဿနာများ၊ တရားမဝင်မှောင်ခို ကူးသန်းရောင်းဝယ်မှုများကို တည်ဆဲဥပဒေများနှင့်အညီ စစ်ဆေးအရေးယူလျက်ရှိပါကြောင်း၊ နိုင်ငံခြားဝယ်လက် ကျောထောက်နောက်ခံငွေအင်အားဖြင့် ပြည်တွင်းဈေးကွက်၌ လက်ဝါးကြီးအုပ် ခြယ်လှယ် ဈေးကစားမှုအချို့အပေါ် တိုင်ကြားမှုရှိခဲ့သည့်အတွက် စစ်ဆေးအရေးယူ ဆောင်ရွက်ခဲ့ရခြင်းလည်းရှိပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ဈေးကွက် စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိက ကဏ္ဍကိုလွတ်လပ်စွာ ဆောင်ရွက်ခွင့်ပြုထားမှုအပေါ် မမှန်မကန် ဆောင်ရွက်မှုများ၊ အများပြည်သူ ထိခိုက်စေမှုများ ရှိလာတိုင်း နိုင်ငံတော်က အရေးယူဆောင်ရွက်ပေးလျက်ရှိနေသည့်အတွက် ပြည်သူများကလည်း အစိုးရဌာနများနှင့်ပူးပေါင်းဖော်ထုတ် ကာကွယ်တားဆီးရန် လိုအပ်ပါကြောင်း။

လက်ရှိတည်ဆဲ ဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိသော်လည်း အချို့ဥပဒေများသည် လက်ရှိ ဈေးကွက်စီးပွားရေးစနစ်၊ ခေတ်ကာလအခြေအနေများနှင့် ကိုက်ညီအောင် ပြင်ဆင်ဖြည့်စွက်ခြင်း၊ ထပ်မံလိုအပ်သည့် ဥပဒေသစ်များ ပြဋ္ဌာန်းခြင်းပြုလုပ်ရန် လိုအပ်သည့်အလျောက် ဥပဒေလုပ်ထုံးလုပ်နည်းများကို လေ့လာပြုစုလျက်ရှိပါကြောင်း။

လေ့လာတွေ့ရှိ

အာဆီယံ၏ ASEAN Economic Community အရ ၂၀၁၅ ခုနှစ်တွင် အာဆီယံအဖွဲ့ဝင်များ အားလုံးကယှဉ်ပြိုင်မှု ဥပဒေ (Competition Law) ကို အပြီးသတ်ရေးဆွဲရန်ရှိပါကြောင်း၊ ယခုလောလောဆယ်တွင် စင်ကာပူ၊ ဗီယက်နမ်၊ ထိုင်းနှင့် မလေးရှားနိုင်ငံများ၌ ချမှတ်ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ ကမ္ဘာပေါ်တွင် ယှဉ်ပြိုင်မှုဥပဒေကို အတည်ပြုပြဋ္ဌာန်းပြီးသော နိုင်ငံများတွင် အချို့နိုင်ငံများမှာ ယှဉ်ပြိုင်မှုဥပဒေ (Competition Law) ဟု တိုက်ရိုက်အမည်ပေးခြင်းမပြုဘဲ အဓိပ္ပာယ်တူညီသော မျှတသောကုန်သွယ်မှုယှဉ်ပြိုင်ခြင်းဥပဒေ (Fair Trade Competition Law)၊ လက်ဝါးကြီးအုပ်မှုလုပ်ငန်းအား တားဆီးရေးဥပဒေ (Anti -Monopoly Law)၊ လက်ဝါးကြီးအုပ်မှုလုပ်ငန်းအား တားဆီးရေးဥပဒေ (Anti-Trust Law)၊ တရားမျှတမှု ကင်းမဲ့သော ယှဉ်ပြိုင်မှုကို တားဆီးရေးဥပဒေ (Against Unfair Competition Law) စသည်ဖြင့် ပြဋ္ဌာန်းထားသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

ယှဉ်ပြိုင်မှုဥပဒေ ပြဋ္ဌာန်းခြင်းအားဖြင့် ဈေးကွက်တွင် ကုန်ပစ္စည်းထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှု လုပ်ငန်းများနှင့် စပ်လျဉ်း၍ တစ်ဦးတစ်ယောက် (တစ်ဖွဲ့တည်း)က လွှမ်းမိုးချုပ်ကိုင်ခြယ်လှယ်ခြင်း မရှိစေရန်နှင့် မျှတသော ယှဉ်ပြိုင်မှု စနစ်တစ်ရပ် ကျင့်သုံးလာစေရန်ဖြစ်ပါကြောင်း။

စတင်ဆောင်ရွက်နေ

ဤယှဉ်ပြိုင်မှု ဥပဒေရေးဆွဲရေးအတွက် အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနအနေဖြင့် လေ့လာမှုများ၊ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းမှုများ စတင်ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၆(ခ)တွင် စီးပွားရေးလုပ်ငန်းများ၌ တရားသဖြင့် ယှဉ်ပြိုင်ခြင်းကို ပျက်ပြားစေရန် တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ လက်ဝါးကြီးအုပ်ဆောင်ရွက်မှု (သို့မဟုတ်) ဈေးကစားမှုပြုခြင်းဖြင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက် နစ်နာစေခြင်းမှ တားဆီးကာကွယ်မည်ဟု ပြဋ္ဌာန်းဖော်ပြထားပြီးဖြစ်ပါကြောင်း။

ထို့ကြောင့် ဦးကိုကြီး၏ မေးမြန်းချက်နှင့်စပ်လျဉ်း၍ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၆(ခ)ပါ ပြဋ္ဌာန်းချက်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် တည်ဆဲဥပဒေများနှင့်အညီ လိုအပ်သလို ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ထပ်မံလိုအပ်မည့် ဥပဒေတို့ကို သက်ဆိုင်ရာများက ပြင်ဆင်ရေးဆွဲပြဋ္ဌာန်း အကောင်အထည်ဖော် ဆောင်ရွက်ရန် ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

(သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးဌေးမောင်၏ အမျိုးသားပညာရေး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်မှုရှိအောင် နိုင်ငံတော်က မည်သို့စီမံထားကြောင်း၊ အခမဲ့ပညာသင်ကြားရေး၊ နောင်လာမည့် ပညာရေးစနစ်တွင် ပုဂ္ဂလိကအခန်းကဏ္ဍမှပေါင်းစပ်နိုင်မှု ရှိ မရှိ၊ မည်သည့်အဆင့်အထိခွင့်ပြုမည်နှင့် စပ်လျဉ်းသည့် မေးခွန်းကို ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ပြန်လည်ဖြေကြား

ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်း မေး မြန်း ချက် များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၂၅

ယနေ့ကျင်းပသော ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဌေးမောင်က **အမျိုးသားပညာရေး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်မှုရှိအောင် နိုင်ငံတော်က မည်သို့စီမံထားသည်၊ အခမဲ့ပညာသင်ကြားခွင့်ကို မည်သို့မည်ပုံ စီမံဆောင်ရွက်မည်နှင့် နောင်လာမည့် ပညာရေးစနစ်တွင် ပုဂ္ဂလိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်မှု၊ ပေါင်းစပ် ဆောင်ရွက်နိုင်မှုတို့ကို မည်သည့်အဆင့်အထိ ခွင့်ပြုမည်တို့နှင့်စပ်လျဉ်း၍ သိရှိလိုပါကြောင်း**ဖြင့် မေးမြန်းသည်။

အဆိုပါမေးမြန်းချက်နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက အမျိုးသားပညာရေး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးဌေးမောင် မေးမြန်းစဉ်။ (သတင်းစဉ်)

က ချမှတ်ဆောင်ရွက်နေသော ဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခုစီမံကိန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် ချိတ်ဆက်လျက် အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀)နှစ်ရှည်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

အမျိုးသားပညာရည် မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်းအရ အဆင့်မြင့်ပညာကဏ္ဍလုပ်ငန်းစဉ် အမှတ် ၁၊ ၂၊ ၁၇၊ ၂၀ နှင့် ၂၉ တို့နှင့်အညီ အဆင့်မြင့်ပညာကဏ္ဍတွင် ဖော်ပြပါအတိုင်း စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အတွက် အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များနှင့် ဒေသအလိုက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် သင်ယူမှုအခွင့်အလမ်းများ တိုးတက်လာစေရေးအတွက် နိုင်ငံတစ်ဝန်းလုံးရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်များ အဆင့်တိုးမြှင့်ခြင်း၊ အသစ်ဖွင့်လှစ်ခြင်း၊ ဆရာ၊ ဆရာမများ တိုးချဲ့ခန့်ထားပေးခြင်း၊ သင်ကြားရေး အစီအစဉ်သစ်များ တိုးချဲ့ဖွင့်လှစ်ခြင်း လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၁၉၈၈ ခုနှစ်တွင် တက္ကသိုလ်၊ ဒီဂရီကောလိပ် စုစုပေါင်း ၃၂ ခုသာရှိခဲ့ရာမှ ယခုအခါ ၁၆၁ ခုအထိ တိုးမြှင့်တည်ထောင်နိုင်ခဲ့ပါသဖြင့် ၁၂၉ ခု တိုးတက်လာပါကြောင်း၊ ၁၉၈၈ ခုနှစ်နှင့် နှိုင်းယှဉ်ပါက တက္ကသိုလ်၊ ဒီဂရီကောလိပ် ငါးဆ တိုးတက်လာပါကြောင်း၊ သို့ပါ၍ အဆင့်မြင့်ပညာကဏ္ဍတွင် သင်ကြားသင်ယူမှုအခွင့်အလမ်း ငါးဆတိုးတက်လာသည်ဟု ပြောနိုင်ပါကြောင်း။

တိုးတက်အောင်ဆောင်ရွက်

အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်းအရ တက္ကသိုလ်၊ ဒီဂရီကောလိပ်များကို တိုးချဲ့ဖွင့်လှစ်ခဲ့သည်နှင့်အညီ သင်ကြားရေး အစီအစဉ်များကိုလည်း တိုးချဲ့ဖွင့်လှစ်ခဲ့ရာ ၁၉၈၈ ခုနှစ်မတိုင်မီက သင်ကြားပို့ချနိုင်ခဲ့ခြင်းမရှိသော မဟာသုတေသနဘွဲ့သင်တန်းများ၊ ပါရဂူဘွဲ့ သင်တန်းများကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သဖြင့် ၁၉၈၈ ခုနှစ်တွင် အစီအစဉ်ပေါင်း ၇၉ ခုသာရှိခဲ့ရာမှ ၂၀၁၀ ခုနှစ်တွင် ၂၁၅ ခုအထိ ၃ ဆကျော် တိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

တက္ကသိုလ် ဆရာ၊ ဆရာမများကိုလည်း တိုးချဲ့ခန့်ထားခဲ့ရာ ၁၉၈၈ ခုနှစ်မတိုင်မီက တက္ကသိုလ် ဆရာ၊ ဆရာမ ၅၆၀၀ ကျော်သာရှိခဲ့ရာမှ ၂၀၁၀ ခုနှစ်တွင် ပါရဂူဘွဲ့ရ ဆရာ၊ ဆရာမ ၃၀၀၀ ကျော် အပါအဝင် စုစုပေါင်း ၁၂၀၀၀ ကျော်ရှိသဖြင့် ဆရာ၊ ဆရာမဦးရေ နှစ်ဆကျော် တိုးချဲ့ခန့်ထားနိုင်ခဲ့ပါကြောင်း။

ထိုသို့ သင်ယူမှုအခွင့်အလမ်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် အဆင့်မြင့်ပညာသင်ကြားသော ကျောင်းသား၊ ကျောင်းသူ အရေအတွက်သည် ၁၉၈၈ ခုနှစ်တွင် တစ်သိန်း ၁သောင်း ကျော်သာရှိခဲ့ရာမှ ယခုအခါ ငါးသိန်းကျော်ရှိလာသဖြင့် အဆင့်မြင့်ပညာသင်ကြားသူ ကျောင်းသား၊ ကျောင်းသူ အရေအတွက် ၄ ဒသမ ၅ ဆကျော် တိုးတက်လာပါကြောင်း။

အခြေခံပညာကဏ္ဍအတွက် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းပေါင်း ၄၀၉၀၀ ကျော် ဖွင့်လှစ်ပေးခဲ့ရာ ဆရာ၊ ဆရာမ ၂ ဒသမ ၇၄ သိန်းကျော် က အခြေခံပညာကျောင်းသား၊ ကျောင်းသူ ၈ ဒသမ ၀၅ သန်းကျော်ကို လေ့ကျင့်သင်ကြားပေးလျက် ရှိပါကြောင်း၊ ၁၉၈၈ ခုနှစ်က ဖွင့်လှစ်ခဲ့သည့် ကျောင်းအရေအတွက်၊ ခန့်ထားခဲ့သည့် ဆရာ၊ ဆရာမ ဦးရေနှင့် တက်ရောက်ခဲ့သည့် ကျောင်းသားဦးရေတို့နှင့် နှိုင်းယှဉ်မည်ဆိုပါက ၁၉၈၈ ခုနှစ်ကတည်ရှိခဲ့သည့် အခြေခံပညာ ကျောင်းဦးရေထက်ကျောင်းပေါင်း ၇၁၀၀ ကျော် တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ ဆရာ၊ ဆရာမဦးရေ တစ်သိန်းကျော် တိုးချဲ့ ခန့်ထားပေးနိုင်ခဲ့ပြီး ကျောင်းသားဦးရေ ၂ ဒသမ ၈၁ သန်းကျော် ပိုမိုတိုးတက်လာပါကြောင်း၊ နယ်စပ်ဒေသများတွင် အခြေခံပညာကျောင်း ၁၀၇၄ ကျောင်းဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ကျောင်းသား၊ ကျောင်းသူ ၂ ဒသမ ၁ သိန်းကျော် တိုးတက် သင်ယူခွင့်ရရှိခဲ့ပါကြောင်း၊ ယခင်ကထက် အထက်တန်းကျောင်းသား သုံးဆ၊ အလယ်တန်းကျောင်းသား နှစ်ဆ ကျော်နှင့် မူလတန်း ကျောင်းသား ၁ ဒသမ ၃ ဆကျော် တိုးတက်လာသဖြင့် အခြေခံပညာ သင်ယူမှု အခွင့်အလမ်းများ ပိုမိုဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း။

တစ်နိုင်ငံလုံးအတိုင်းအတာအရ ရပ်ကွက်နှင့် ကျေးရွာ ငါးခုတွင် အခြေခံပညာကျောင်း သုံးကျောင်းနှုန်း ဖွင့်လှစ်ပေးထားပြီး နေအိမ်မှ အခြေခံပညာကျောင်းသို့ သွားရောက်ရမည့် ပျမ်းမျှအကွာအဝေးမှာ ၁ ဒသမ ၄ မိုင်ခန့်သာ ရှိပါကြောင်း။

အခြေခံပညာကျောင်းများတွင် မူလတန်းကြိုအတန်းများ ချိတ်ဆက်ဖွင့်လှစ် သင်ကြားပေးလျက်ရှိပြီး ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးအတွက် ပညာသင်နှစ်မစတင်မီ မေလ၏ နောက်ဆုံး ရက်သတ္တပတ်ကို ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ်သတ်မှတ်၍ လှုပ်ရှားဆောင်ရွက်ခြင်း၊ အလယ်တန်းအဆင့်သို့ ကူးပြောင်းသင်ယူနှုန်း မြင့်မားလာရေးအတွက် မူလတန်းလွန်ကျောင်းများ ဖွင့်လှစ်ပေးခြင်းတို့ကို တိုးချဲ့ဆောင်ရွက်နိုင်ခဲ့သဖြင့် ပညာသင်ယူမှုအခွင့်အလမ်းများ ပိုမိုတိုးတက်လာပါကြောင်း။

ထိုသို့ အခြေခံပညာသင်ယူမှု အခွင့်အလမ်းများကို အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်နိုင်ခဲ့သဖြင့် ၁၉၈၈ ခုနှစ်က သူငယ်တန်းကျောင်းဝင်နှုန်း ၆၇ ဒသမ ၁၃ ရာခိုင်နှုန်းသာ ရှိခဲ့ရာမှ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် ၉၈ ဒသမ ၃၇ ရာခိုင်နှုန်းသို့လည်းကောင်း၊ မူလတန်းအဆင့် အသားတင်ကျောင်းနေနှုန်းမှာလည်း ၇၄ ဒသမ ၇ ရာခိုင်နှုန်းမှ ၈၄ ဒသမ ၆၁ ရာခိုင်နှုန်းသို့လည်းကောင်း၊ မူလတန်းအဆင့်မှ အလယ်တန်းအဆင့်သို့ ကူးပြောင်းသင်ယူနှုန်းမှာလည်း ၄၅ ဒသမ ၆ ရာခိုင်နှုန်းမှ ၇၇ ဒသမ ၆၁ ရာခိုင်နှုန်းသို့လည်းကောင်း တိုးတက်လာပါကြောင်း။

သို့ဖြစ်ပါ၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားပညာရည် ဖွံ့ဖြိုးတိုးတက်မှုအတွက် အကြားအလပ်မရှိစေရန် အထက်ပါအတိုင်း ကွက်ပြည့်စီစဉ်ဆောင်ရွက်ထားပါကြောင်း။

မြန်မာနိုင်ငံတွင် အခမဲ့မူလတန်းပညာရေးစနစ်ကို စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ပါ၍ မူလတန်းအဆင့်ကျောင်းသား၊ ကျောင်းသူ ၅ ဒသမ ၁၅သန်း ကျော်သည် အခမဲ့ပညာရေးစနစ်၏ အကျိုးကျေးဇူးကို ခံစားလျက်ရှိပါကြောင်း၊ အခမဲ့မူလတန်း ပညာရေးစနစ်သည် ကုလသမဂ္ဂ ထောင်စုနှစ်ရည်မှန်းချက် (United Nations Millennium Development Goal)နှင့်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၈၊ ပုဒ်မခွဲ (ဂ)နှင့်လည်းကောင်း ကိုက်ညီမှုရှိပြီး အခြေခံပညာကဏ္ဍ အနှစ် (၃၀)နှစ်ရှည် စီမံကိန်း၏ လုပ်ငန်းစဉ် (၂)၊ နိုင်ငံသားတိုင်း အခြေခံပညာအဆင့်အလိုက် သင်ယူပြီးမြောက်ရေး စီမံချက်အရ ဆောင်ရွက်နေသော လုပ်ငန်းစဉ်ဖြစ်ပါကြောင်း။

ပညာရေးစနစ်တွင် ပုဂ္ဂလိကအခန်းကဏ္ဍအဖြစ် ယခင်က ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများ ဖွင့်လှစ်ဆောင်ရွက်ခွင့်ပြုခြင်းများ ရှိခဲ့ပါကြောင်း၊ ယခုအခါ ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းဥပဒေကို သတ်မှတ်ပြဋ္ဌာန်း၍ ကိုယ်ပိုင်သင်တန်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုလျက်ရှိပါကြောင်း။

နောင်ပညာရေးစနစ်တွင် ပုဂ္ဂလိကအခန်းကဏ္ဍမှ ပါဝင်ပေါင်းစပ်ရေး၊ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးတို့အတွက် အစီအမံများနှင့် ဥပဒေများကို ညှိနှိုင်းရေးဆွဲလျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။ **(သတင်းစဉ်)**

မိုးရွာသွန်းမှုများ

၂၅-၃-၂၀၁၁

ကော့ကရိတ်မြို့	၁ ဒသမ	၀၂ လက်မ
ကော့သောင်းမြို့	၀ ဒသမ	၈၇ လက်မ
ကျိုင်းတုံမြို့	၀ ဒသမ	၂၈ လက်မ
ရေးမြို့	၀ ဒသမ	၀၈ လက်မ

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဝင်းမောင်၏ အင်္ဂလိပ်စာ Reading, Writing, Listening, Speaking စသော 4 Skills ကျွမ်းကျင်ရေးနှင့်စပ်လျဉ်းသည့်မေးခွန်းကို ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ပြန်လည်ဖြေကြား

နေပြည်တော် မတ် ၂၅

ယနေ့ကျင်းပသော ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၂)မှ ဦးဝင်းမောင်က **ယနေ့ကမ္ဘာတွင် နိုင်ငံရေးဖြစ်စေ၊ လူမှုရေးဖြစ်စေ၊ စီးပွားရေးကိစ္စဖြစ်စေ အင်္ဂလိပ်စာသည် အထူးအရေးကြီးနေပြီဆိုခြင်းကို သိရပါကြောင်း၊ မြန်မာနိုင်ငံသည်လည်း ကမ္ဘာ့ရွာထဲက တစ်ရွာဖြစ်နေသည့်အတွက် Globalization အရ အင်္ဂလိပ်စာသည် ယနေ့မျိုးဆက်သစ်များအတွက် အထူးအရေးကြီးလာပါကြောင်း၊ ထို့ကြောင့် အင်္ဂလိပ်စာ၌ Reading, Writing, Listening, Speaking စသည့် 4 Skills ကျွမ်းကျင်လာအောင် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း**ဖြင့် မေးမြန်းသည်။

အလေးထား

အဆိုပါ မေးမြန်းချက်နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ပညာရေးဝန်ကြီးဌာနအနေဖြင့် အဆင့်မြင့်ပညာကဏ္ဍနှင့် အခြေခံပညာကဏ္ဍနှစ်ရပ်စလုံးတွင် အင်္ဂလိပ်စာ 4 Skills (Reading, Writing, Listening, Speaking) ကျွမ်းကျင်လာအောင် လေ့ကျင့်ပျိုးထောင်မှုအနေဖြင့် ဆရာ ဆရာမများ ပြုစုပျိုးထောင်ခြင်း၊ ခေတ်မီသင်ထောက်ကူ ပစ္စည်းများအသုံးပြုသင်ကြားခြင်း၊ ပိုမိုထိရောက်သည့် ခေတ်မီသင်ကြားမှု နည်းစနစ်များကို အသုံးပြုသင်ကြားခြင်း၊ အင်္ဂလိပ်စာ အရည်အသွေးမြှင့်တင်နိုင်မှု စွမ်းရည်ပြိုင်ပွဲများ ကျင်းပခြင်းများကို အလေးထားတွန်းအားပေးဆောင်ရွက်လျက်ရှိပါကြောင်း။

တက္ကသိုလ်၊ ဒီဂရီကောလိပ်အသီးသီးရှိ ဆရာ ဆရာမများအနေဖြင့် အင်္ဂလိပ်စာ 4 Skills မြှင့်တင်နိုင်ရေးအတွက် သက်ဆိုင်ရာ တက္ကသိုလ်အလိုက် ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ သုတေသနစာတမ်းများ ရေးသားဖတ်ကြားခြင်းကိုလည်း အင်္ဂလိပ်ဘာသာဖြင့် ဆွေးနွေးဆောင်ရွက်စေခြင်း၊ ပါရဂူဘွဲ့ကျမ်းစာများကို မြန်မာစာဘာသာမှအပ ကျန်ဘာသာရပ်အားလုံးအတွက် အင်္ဂလိပ်ဘာသာဖြင့် ရေးသားပြုစုစေခြင်း စသည်တို့ကို အင်္ဂလိပ်စာကျွမ်းကျင်မှု တိုးတက်စေရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

လေ့ကျင့်ပျိုးထောင်

အဆင့်မြင့်ပညာသင်ယူလျက်ရှိသော ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာ ကျွမ်းကျင်လာအောင် လေ့ကျင့်ပျိုးထောင်မှုအနေဖြင့် ဘွဲ့ကြိုသင်တန်းများ၊ ဘွဲ့လွန်သင်တန်းများအားလုံးတွင် အင်္ဂလိပ်စာဘာသာရပ်ကို သင်ကြားပေးပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ် (၄၄)ခုတွင် Multimedia Lecture Room (၅၇)ခုနှင့် Language Lab (၉၃) ခုကို တပ်ဆင်၍ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာ အရည်အသွေးတိုးမြှင့်ရန် ကိုယ်တိုင်သုံးစွဲ၍ လေ့လာသင်ယူနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိပါကြောင်း၊ ၎င်းအပြင် နိုင်ငံတော်၏ နေ့ထူးနေ့မြတ်ရက်များတွင် တက္ကသိုလ်အလိုက် အင်္ဂလိပ်စာ ကျပန်းစကားပြောပြိုင်ပွဲများ၊ စကားဝိုင်းဆွေးနွေးပွဲများ၊ စာစီစာကုံးပြိုင်ပွဲများ၊ အင်္ဂလိပ်စာ စွမ်းရည်ပြိုင်ပွဲများကျင်းပပြီး ကျောင်းသား ကျောင်းသူများကို ပါဝင်ယှဉ်ပြိုင်စေခြင်းဖြင့် အင်္ဂလိပ်စာ 4 Skills ကျွမ်းကျင်လာအောင် လေ့ကျင့်ပျိုးထောင်လျက်ရှိပါကြောင်း။

ထို့အပြင် မြန်မာ-အိန္ဒိယ အင်္ဂလိပ်စာ လေ့ကျင့်သင်ကြားရေးဗဟိုဌာနကို ၂၀၀၉ ခုနှစ်မှ စတင်တည်ထောင်ပြီး အင်္ဂလိပ်စာ ကျွမ်းကျင်မှု လက်မှတ်ရသင်တန်းများ ဖွင့်လှစ်လျက်ရှိရာ သင်တန်းသူ သင်တန်းသား (၂၀၀၀)ကျော်ကို လေ့ကျင့်သင်ကြားပေးပြီးဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာန၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ အင်္ဂလိပ်ဘာသာစကား အမျိုးသားဗဟိုဌာနကို ၂၀၀၅ ခုနှစ်မှစ၍ ဖွင့်လှစ်ခဲ့ပြီး အင်္ဂလိပ်စာ ကျွမ်းကျင်မှု ဘွဲ့လွန်ဒီပလိုမာသင်တန်း၊ အင်္ဂလိပ်စာကျွမ်းကျင်မှု သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း၊ သင်တန်းသား သင်တန်းသူပေါင်း (၁၂၀၀၀)ကျော်ကို လေ့ကျင့်သင်ကြားပေးပြီး ၎င်းတို့နှင့်သက်ဆိုင်သည့်လုပ်ငန်းများတွင် ပိုမိုထိရောက်စွာ တာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဝင်းမောင် မေးမြန်းစဉ်။ (သတင်းစဉ်)

သင်ကြားပေး

အခြေခံပညာ ဆရာ ဆရာမများ၏ အင်္ဂလိပ်စာသင်ကြားမှု အရည်အသွေး တိုးတက်မြင့်မားရေးအတွက် အခြေခံပညာ မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် သင်ကြားရေး မွမ်းမံသင်တန်းများကို ၂၀၀၆-၂၀၀၇ ပညာသင်နှစ်မှစ၍ နှစ်ကြိမ်ဖွင့်လှစ် လေ့ကျင့်သင်တန်းပေးပြီး ဖြစ်ပါကြောင်း၊ အထက်တန်းအဆင့် အင်္ဂလိပ်စာ ဘာသာရပ် သင်ကြားရေးမွမ်းမံသင်တန်းနှင့် ဉာဏ်သစ်လောင်းသင်တန်းများကို ၂၀၀၆-၂၀၀၇ ပညာသင်နှစ်မှစ၍ သုံးကြိမ်ဖွင့်လှစ်လေ့ကျင့်သင်တန်းပေးပြီးဖြစ်ပါ၍ အခြေခံပညာအဆင့်တွင် အင်္ဂလိပ်စာ ဘာသာရပ်ကို ပိုမိုထိရောက်စွာ လေ့ကျင့်သင်ကြားပေးလျက်ရှိပါကြောင်း။

အခြေခံပညာအထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ၏ အင်္ဂလိပ်စာ စွမ်းရည် မြင့်မားတိုးတက်ရေးအတွက် ၂၀၀၆-၂၀၀၇ ပညာသင်နှစ်တွင် အင်္ဂလိပ်စာ အထူးပြုဖြင့် ပထမဘွဲ့နှင့် မဟာဘွဲ့ရ ပုဂ္ဂိုလ် (၁၁၂၃)ဦးကို ပညာရေးနည်းပညာသင်တန်းသို့ တက်ရောက်စေပြီး အထက်တန်းပြများအဖြစ် တိုးချဲ့ခန့်အပ်ပေးခဲ့ပါကြောင်း။

အရည်အသွေးမြှင့်တင်

ဆရာ ဆရာမများ၏ အင်္ဂလိပ်စာ အရည်အသွေးမြင့်မားရေးအတွက် ပြည်တွင်း၊ ပြည်ပ၌ကျင်းပသော သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများသို့ စေလွှတ်တက်ရောက်စေခဲ့ပြီး အင်္ဂလိပ်စာသင်ကြားမှု အရည်အသွေးကို မြှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

အခြေခံပညာ ကျောင်းသား ကျောင်းသူများ၏ အင်္ဂလိပ်စာစွမ်းရည် မြင့်မားတိုးတက်ရေးအတွက် အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် စွမ်းရည်ပြိုင်ပွဲများကို ၂၀၀၈-၂၀၀၉ ပညာသင်နှစ်မှစ၍ မြို့နယ်အဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်နှင့် ဗဟိုအဆင့် ပြိုင်ပွဲများကို နှစ်စဉ်ကျင်းပပေးခဲ့ရာ ယခုနှစ်အထိ (၃)ကြိမ် ကျင်းပပေးခဲ့ပြီးဖြစ်ပါကြောင်း။

အခြေခံပညာ ကျောင်းများ၏ သင်ကြားသင်ယူမှုလုပ်ငန်းများတွင် ခေတ်မီသင်ကြား၊ သင်ယူမှုအထောက်အကူပစ္စည်းများကို အသုံးပြု၍ သင်ကြားနိုင်ရန် ၁၉၉၈-၉၉ ပညာသင်နှစ်မှစ၍ Multi Media Platform တပ်ဆင်ပြီး ကျောင်းစုစုပေါင်း (၃၅၂၈၈) ကျောင်းရှိပြီ ဖြစ်ပါကြောင်း၊ ခေတ်မီ Multimedia စက်ပစ္စည်းများကို အသုံးပြု၍ အင်္ဂလိပ်စာ သင်ကြားရေးကို ထိရောက်စွာလေ့ကျင့်သင်ကြားပေးလျက်ရှိပါကြောင်း။

ရှင်းလင်းဖြေကြား

အထက်ပါ နည်းလမ်းများအရ ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံပညာနှင့် အဆင့်မြင့်ပညာ အဆင့်အလိုက် အင်္ဂလိပ်စာ 4 Skills ကျွမ်းကျင်အောင် စီစဉ် ဆောင်ရွက်ထားပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

(သတင်းစဉ်)

တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေ၏ ကုန်ဈေးနှုန်းများ တည်ငြိမ်မှုရှိအောင်နှင့် ဆက်လက်ထိန်းသိမ်းထားနိုင်ရေးနှင့်စပ်လျဉ်းသည့် မေးခွန်းကို အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ပြန်လည်ဖြေကြား

နေပြည်တော် မတ် ၂၅

ယနေ့ကျင်းပသော ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေက **၂၀၁၀ ခုနှစ် ဒီဇင်ဘာလကုန်နှင့် ၂၀၁၁ ခုနှစ် ဇန်နဝါရီလဆန်းမှစ၍ တိုင်းပြည်တွင်း နေရာတိုင်းလိုလိုတွင် ကုန်ဈေးနှုန်းများ မြင့်တက်လျက်ရှိပါကြောင်း၊ အထူးသဖြင့် အခြေခံစားကုန်များ ဈေးနှုန်းမြင့်တက်မှုကြောင့် ဝင်ငွေနည်းသော ပြည်သူများ အခက်အခဲနှင့် ကြုံတွေ့နေရပါကြောင်း၊ မည်သည့်အကြောင်းကြောင့် ကုန်ဈေးနှုန်းများ တက်နေရသည်၊ ထိုအခြေအနေပေါ်၌ မည်သို့ စီမံဆောင်ရွက်ထားရှိသည်၊ ကုန်ဈေးနှုန်းတည်ငြိမ်မှုရှိရေး ဆက်လက်ထိန်းသိမ်းထားနိုင်အောင် မည်သို့ စီမံဆောင်ရွက်သွားမည်တို့ကို သိရှိလိုပါကြောင်း** မေးမြန်းသည်။

အကျိုးသက်ရောက်

အဆိုပါမေးမြန်းချက်နှင့်စပ်လျဉ်း၍ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက ဒေါ်လဲ့လဲ့ဝင်းဆွေ၏ မေးခွန်းတွင် အပိုင်း (၃)ပိုင်းပါရှိကြောင်း၊ အပိုင်း(၁)အနေဖြင့် မည်သည့်အတွက်ကြောင့် ကုန်ဈေးနှုန်းမြင့်တက်ရသည်၊ အပိုင်း(၂)အနေဖြင့် ထိုအခြေအနေပေါ်တွင် မည်သို့ စီမံဆောင်ရွက်ထားရှိသည်၊ အပိုင်း(၃)အနေဖြင့် ကုန်ဈေးနှုန်းများ တည်ငြိမ်မှုရှိအောင် မည်သို့စီမံဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းဖြစ်ပါကြောင်း၊ ကုန်ဈေးနှုန်းများ မြင့်တက်လာမှုနှင့်ပတ်သက်၍ လေ့လာရာတွင် ပြည်တွင်း ပြည်ပအခြေအနေများနှင့် ထူးခြားဖြစ်စဉ်များသည် ကုန်ဈေးနှုန်းအခြေအနေအပေါ် အကျိုးသက်ရောက်မှုရှိပါကြောင်း၊ ကုန်ဈေးနှုန်းအပေါ် သက်ရောက်မှုရှိသည့် အချက်များမှာ ကမ္ဘာ့လောင်စာဆီဈေးနှုန်း ပြောင်းလဲခြင်း၊ ကမ္ဘာ့ရွှေဈေး ပြောင်းလဲခြင်း၊ ကမ္ဘာ့ငွေကြေးဈေးကွက် ပြောင်းလဲမှု၊ ရိက္ခာသီးနှံကုန်ပစ္စည်းဈေးနှုန်းပြောင်းလဲခြင်း၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု၊ ထူးခြားသော ကမ္ဘာ့နိုင်ငံရေး၊ စစ်ရေးပြောင်းလဲမှုနှင့် ဂယက်များ၊ ပြည်တွင်းသယ်ယူပို့ဆောင်ခ၊ လမ်းတံတားကြေး ကောက်ခံမှုကိစ္စရပ်များ၊ ပြည်တွင်းကောလာဟလသတင်းများနှင့် သွေးထိုးလှုံ့ဆော်မှုများ၊ တရားမဝင် မှောင်ခိုစီးဆင်းခြင်းများကြောင့်ဖြစ်သည်ကို တွေ့ရှိရပါကြောင်း။

၂၀၁၀ ခုနှစ်အတွင်း ကမ္ဘာ့နေရာအနှံ့အပြားတွင် ရာသီဥတုဖောက်ပြန်မှုများကြောင့် ကမ္ဘာ့သီးနှံများ ထုတ်လုပ်မှုကျဆင်းခဲ့ပြီး ကမ္ဘာ့စားသောက်ကုန် ထုတ်လုပ်မှုကျဆင်းလာခြင်းကို အကြောင်းပြု၍ ၂၀၁၀ ခုနှစ် တတိယလေးလပတ်ခန့်မှစ၍ ဆန်ဈေး၊ စားအုန်းဆီဈေးနှင့် စားသောက်ကုန်ဈေးများ မြင့်တက်လာခဲ့ပါကြောင်း၊ ယင်းအခြေအနေပေါ်မူတည်၍ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးနှင့် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့စသော တာဝန်ရှိအဖွဲ့များက စားသောက်ကုန်ဈေးနှုန်း ကြီးမြင့်လာမှုအပေါ် စိုးရိမ်မကင်းဖြစ်ရကြောင်းကို ထုတ်ဖော်ပြောဆိုခဲ့ကြောင်း၊ အချို့နိုင်ငံများတွင် စားသောက်ကုန်များ ဝယ်ယူသိုလှောင် စုဆောင်းမှုများ ရှိခဲ့သဖြင့် ကမ္ဘာနှင့်အဝန်း စားသောက်ကုန်ဈေးများ ဆက်တိုက်မြင့်တက်ခဲ့ပါကြောင်း၊ ယင်းအရှိန်ကြောင့် စားသောက်ကုန်ဈေးနှုန်း တက်နေသည့် အိမ်နီးချင်းနိုင်ငံများသို့ မိမိတို့ ပြည်တွင်းမှ ဆန်နှင့် စားသောက်ကုန်များ ယိုစိမ့်စီးဆင်းမှုများရှိခဲ့သည့်အတွက် ကုန်ဈေးနှုန်းမြင့်တက်ရခြင်း အကြောင်းတစ်ရပ်ဖြစ်သည်ကို တွေ့ရှိရပါကြောင်း။

ဈေးနှုန်းမြင့်တက်

ကမ္ဘာ့ရေနံ ဈေးနှုန်းသည်လည်း ယခင်နှစ် စက်တင်ဘာလခန့်မှစ၍ ဈေးနှုန်းတစ်စတစ်စ မြင့်တက်လာရာမှ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလ အရှေ့အလယ်ပိုင်း ရေနံထုတ်လုပ်သောနိုင်ငံများ၏ နိုင်ငံရေးမတည်ငြိမ်မှုကြောင့် ရေနံထုတ်လုပ်မှု လျော့ကျခြင်းသည် ရေနံဈေးနှုန်းကို ထပ်မံမြင့်တက်စေခဲ့ပါကြောင်း၊ ထိုအချိန်တွင် ကမ္ဘာ့စက်မှုနိုင်ငံများက ၎င်းတို့ရေနံ မပြတ်လပ်စေရေးအတွက် သိုလှောင်စုဆောင်းလာကြခြင်းကြောင့် ပို၍ဈေးနှုန်းမြင့်တက်မှုကို ဖြစ်ပေါ်စေခဲ့ပါကြောင်း၊ ထိုသို့ ရေနံဈေးနှုန်းမြင့်တက်လာခြင်း

တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေ မေးမြန်းစဉ်။ (သတင်းစဉ်)

ကြောင့် သယ်ယူပို့ဆောင်ရေးစရိတ်ကြီးမြင့်လာပြီး ကုန်စည်များ ဈေးနှုန်းမြင့်တက်လာပါကြောင်း။

ထို့ပြင် ဝန်ထမ်းများ လစာတိုးမည်ဆိုသော ကောလာဟလသတင်းများသည်လည်း ကုန်ဈေးနှုန်း မြင့်တက်လာစေသော အကြောင်းတစ်ရပ်ဖြစ်ပါကြောင်း။

အရှေ့အလယ်ပိုင်းဒေသမှ ရေနံထုတ်လုပ်သော အီဂျစ်၊ လစ်ဗျား၊ ယီမင်၊ ဘာရိန်း၊ အိုမန်၊ တူနီးရှား စသည့်နိုင်ငံများတွင် နိုင်ငံရေးမတည်ငြိမ်မှုကြောင့် ရေနံထုတ်လုပ်မှု၏ (၃)ပုံ (၁)ပုံခန့်သာ ထုတ်လုပ်နိုင်ခဲ့ပြီး ထုတ်လုပ်သောရေနံများကို ပြည်ပသို့တင်ပို့နိုင်မှု လျော့နည်းသွားခြင်းနှင့် ရေနံရှိသည့်နိုင်ငံများကလည်း မိမိတို့၏ရေနံများအား သိုလှောင်ထိန်းသိမ်းခြင်းတို့ ဆောင်ရွက်ခြင်းကြောင့် ရေနံဈေးနှုန်းများ မြင့်တက်လာသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ထို့ပြင် အရှေ့အလယ်ပိုင်းဒေသနိုင်ငံရေး မတည်ငြိမ်မှုအပေါ် စိုးရိမ်စိတ်ဖြစ်ပေါ်ခဲ့ပြီး အခြားနိုင်ငံများကပါ ရေနံနှင့်အခြားကုန်ပစ္စည်းများကို သိုလှောင်ထိန်းသိမ်းလာကြခြင်းတို့ကြောင့် ကုန်ဈေးနှုန်းများ မြင့်တက်လာရပါကြောင်း။

ပြည်တွင်းစက်သုံးဆီ သုံးစွဲမှုတွင်လည်း ယခုပွင့်လင်းရာသီတွင် ကျောက်မျက်ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများ၊ ရွှေနှင့် သတ္တုတူးဖော်ရေးလုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်လာသဖြင့် စက်သုံးဆီသုံးစွဲမှုလည်း မြင့်တက်လာခဲ့ပါကြောင်း၊ ကျောက်မျက်ကျောက်စိမ်းတူးဖော်ရေး လုပ်ငန်းတစ်ခုတည်း၌ ကုမ္ပဏီပေါင်း (၁၁၀၀)ကျော်ခန့်ရှိသည့်အတွက် တစ်လလျှင် ပျမ်းမျှစက်သုံးဆီသုံးစွဲမှုမှာ ဂါလန်သိန်း(၂၀)ကျော်ခန့်ရှိကြောင်း သိရှိရပြီး ရွှေနှင့် အခြားသတ္တုတူးဖော်ရေးလုပ်ငန်း ကုမ္ပဏီပေါင်း (၄၀၀)ကျော်ကလည်း တစ်လပျမ်းမျှ စက်သုံးဆီ ဂါလန် (၁၄)သိန်းကျော်ခန့်သုံးစွဲသည်ကို တွေ့ရှိရပါကြောင်း၊ အဆိုပါကုမ္ပဏီများအနေဖြင့် အရှေ့အလယ်ပိုင်း ဒေသဂယက်ကြောင့် စက်သုံးဆီ ပြတ်လပ်မှုမရှိစေရန် ရနိုင်သမျှ ဝယ်ယူသိုလှောင်နေကြသည့်အတွက် လက်ရှိစက်သုံးဆီဈေးနှုန်းကို မြင့်တက်စေခဲ့ပါကြောင်း။

လမ်းများ အဆမတန် ပျက်စီးမှုကို ကာကွယ်ရန် အာဆီယံစံချိန်စံညွှန်းအရ ကုန်စည်သယ်ယူမှုစနစ်ကို ပြောင်းလဲကျင့်သုံးခဲ့ရာ မော်တော်ယာဉ်သယ်ယူပို့ဆောင်ရေးလုပ်ငန်းရှင်များနှင့် အကျွမ်းတဝင် အသားတကျမဖြစ်သေးသည့်အတွက် သယ်ယူမှုဈေးနှုန်းများ မြင့်တက်ခဲ့ပါကြောင်း။

ဝန်ထမ်းများ လစာတိုးမြှင့်မည့် ကောလာဟလနှင့်ပတ်သက်၍ ဝန်ထမ်းများ လစာတိုးမြှင့်မည်ကို မျှော်မှန်း၍ ကုန်သည်အချို့က ကုန်ပစ္စည်းများအား ထိန်းသိမ်းခြင်း၊ သိုလှောင်ခြင်းဖြင့် အမြတ်ပိုမိုရရှိမည်ဖြစ်ကြောင်း တွက်ဆကာ သိုလှောင်ထိန်းသိမ်းမှုများကြောင့် ဈေးကွက်တွင် ဝယ်လိုအားတက်လာပြီး ကုန်ဈေးနှုန်းများ အနည်းငယ် မြင့်တက်လာသည်ကိုလည်း တွေ့ရှိရပါကြောင်း။

တည်ငြိမ်လျက်ရှိ

ထို့ပြင် လွန်ခဲ့သော ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် ပြင်ပမီဒီယာများ၏ မဟုတ်မမှန် ထုတ်လွှင့်မှုကြောင့် ပြည်တွင်းရှိ ဘဏ်(၂)ခုအပေါ်တွင် ငွေအပ်နှံထားသူများ စိုးရိမ်စိတ်ဖြင့် ငွေများပြန်လည်ထုတ်ယူခဲ့ကြပါကြောင်း၊ သို့သော် ယခုအချိန်တွင် ဤကောလာဟလသတင်းများမှာ သတင်းအမှားအဖြစ် ပျောက်ကွယ်ပြီး တည်ငြိမ်လျက် ရှိနေပြီဖြစ်ပါကြောင်း။

ပြန်လည်ဖြေကြား

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မေးမြန်းချက်ကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

ကုန်ဈေးနှုန်းထိန်းသိမ်းရေးကော်မတီအနေဖြင့် စားသောက်ကုန်ဈေးနှုန်း ထိန်းသိမ်းနိုင်ရေးအတွက် ထုတ်လုပ်မှု၊ တင်ပို့မှုနှင့် စားသုံးမှုတို့ကို လေ့လာစောင့်ကြည့်၍ တွက်ချက်ကြည့်ရာ ပြည်တွင်းအတွက် ဖူလုံမှုရှိသည်ကို တွေ့ရှိရပါကြောင်း၊ အခြေခံစားကုန်ပစ္စည်းများဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ငရုတ်၊ ပဲအမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက်တို့ကို ပြည်တွင်းစားသုံးမှုဖူလုံအောင် နိုင်ငံတော်က အလေးထားစီမံလျက်ရှိရာ ၂၀၀၉-၂၀၁၀ ခုနှစ် အမှန်စာရင်းအရ ဆန်စပါးတွင် နွေမိုးစပါးစိုက်ဧက (၁၉ ဒသမ ၉၃၃) သန်းမှ စပါးတင်း (၁၅၆၆ ဒသမ ၃၀၃) သန်းထွက်ရှိသဖြင့် လူဦးရေ (၅၉)သန်းအတွက် ရာခိုင်နှုန်း ၁၆၀ နီးပါး ဖူလုံမှုရှိပါကြောင်း၊ ဆန်စပါးထုတ်လုပ်မှုသည် ၁၉၈၈ ခုနှစ်တွင် စပါးတင်းသန်းပေါင်း (၆၃၁)သန်းသာရှိရာမှ ယခု (၁၅၆၆ ဒသမ ၃၀၃)သန်းအထိ တိုးမြှင့်ထုတ်လုပ်နိုင်ပြီဖြစ်ပြီး မြေပြင်သတင်းအရလည်း ဖူလုံမှုရှိကြောင်း၊ စားသုံးဆီနှင့်ပတ်သက်၍ ဆီထွက်သီးနှံဧက (၉ ဒသမ ၂၇၁)သန်းမှ စားသုံးဆီပိဿာ(၃၂၂ ဒသမ ၄၃၅)သန်း ထုတ်လုပ်နိုင်ခဲ့၍ အထိုက်အလျောက် ဖူလုံမှုရှိပါကြောင်း၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ငရုတ်၊ ပဲမျိုးစုံ ထုတ်လုပ်မှုမှာလည်း စားသုံးမှုထက်များစွာကျော်လွန်၍ ဖူလုံပါကြောင်း၊ ထို့ကြောင့် ပြည်တွင်းစားသုံးမှုဖူလုံမှုမှာ စိုးရိမ်စရာမရှိနိုင်ကြောင်း၊ ပြည်ပတွင် မည်သည့် အခြေအနေများ ဖြစ်ပေါ်နေစေကာမူ မိမိတို့တိုင်းပြည်အတွင်း စားသုံးမှုဖူလုံအောင် ဆောင်ရွက်ထားသဖြင့် အခြားပယောဂရှိနေလျှင်ပင် လုံးဝစိုးရိမ်စရာမရှိပါကြောင်း။

အသား၊ ငါးနှင့် ပတ်သက်၍ ပြည်တွင်းဖူလုံစွာ စားသုံးနိုင်စေရေးအတွက် ထုတ်လုပ်မှုအပိုင်းကို ပိုမိုတိုးတက်ထုတ်လုပ်နိုင်ခဲ့ပါကြောင်း၊ လူတစ်ဦး တစ်နှစ်ပျမ်းမျှ စားသုံးမှုလုံလောက်မှုရှိကြောင်းကို ၁၉၈၈ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၀၉-၂၀၁၀ခုနှစ်တွင် အသားစားသုံးမှုမှာ ယခင်(၄ ဒသမ ၁) ကီလိုဂရမ်မှ ယခု (၂၄ ဒသမ ၈) ကီလိုဂရမ်အထိလည်းကောင်း၊ ငါးစားသုံးမှုမှာ ယခင် (၁၅ ဒသမ ၃)ကီလိုဂရမ်မှ ယခု (၅၉ ဒသမ ၉) ကီလိုဂရမ်အထိလည်းကောင်း၊ ဥစားသုံးမှုမှာ ယခင် (၂၁) လုံးမှ ယခု (၁၂၂) လုံးအထိလည်းကောင်း တိုးတက်စားသုံးနိုင်အောင် ထုတ်လုပ်နိုင်ခဲ့ပါကြောင်း၊ အသားငါးစားသုံးမှု ပိုလျှံမှုသာ ပြည်ပသို့ တင်ပို့ခဲ့ခြင်းဖြစ်ပါကြောင်း၊ အသား၊ ငါးကဏ္ဍမှ နိုင်ငံခြားငွေ တိုးတက်ရရှိလျက်ရှိရာ ၁၉၈၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ (၁၀ ဒသမ ၃၈) သန်းမှ ယခု ၂၀၀၉-၂၀၁၀ ခုနှစ်တွင် အမေရိကန်ဒေါ်လာ (၅၃၂ ဒသမ ၉၀၉)သန်းအထိ တိုးတက်ရရှိခဲ့ကြောင်း၊ ထို့ကြောင့် အသား၊ ငါးကဏ္ဍသည် နိုင်ငံတော်တွင် ပြည်တွင်းစားသုံးမှု ဖူလုံမှုရှိသည့်အပြင် ပိုလျှံမှုပါရှိကြောင်း တွေ့ရှိရမည် ဖြစ်ပါကြောင်း၊ ထို့ပြင် ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ငါးပုစွန် ထုတ်လုပ်မှု ပိဿာ(၂၆၁၈၈)သိန်း၊ အသား ထုတ်လုပ်မှု ပိဿာ(၁၂၇၃၂ ဒသမ ၅၂) သိန်း၊ ဥထုတ်လုပ်မှု(၈၃၃၂၁) သိန်း ရရှိရေး ရည်မှန်းချက်ထားကာ နိုင်ငံတကာ အကူအညီ Project များ၊ ပြည်တွင်းပြည်ပ ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များနှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါကြောင်း၊ နိုင်ငံတော်က နှစ်တို၊ နှစ်ရှည် ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသဖြင့် အသား၊ ငါးစားသုံးမှု ဖူလုံသည့်အပြင် ဈေးနှုန်းများ တည်ငြိမ်မှုရှိအောင် ဆောင်ရွက်ထားနိုင်ပါကြောင်း။

စာမျက်နှာ ၆ ကော်လံ ၁

ယနေ့ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦး၏အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၉)ဦးက ဆွေးနွေးကြပြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းက ပြန်လည်ရှင်းလင်းဆွေးနွေး

နေပြည်တော် မတ် ၂၅

ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ ယမန်နေ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးက လက်ခံဆွေးနွေးရန် အတည်ပြုထားသည့် ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦး၏ ''မြန်မာနိုင်ငံအပေါ် စီးပွားရေးအရ ပိတ်ဆို့မှုများကို ဤလွှတ်တော်က ကန့်ကွက်ကြောင်း'' အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၉)ဦးက ဆွေးနွေးကြသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဝဏ္ဏကျော်ထင်ဦးဝင်းမြင့်က အနောက်အုပ်စုနိုင်ငံများသည် မြန်မာနိုင်ငံအပေါ် စီးပွားရေးအရ ပိတ်ဆို့မှုများ (Economic Sanction)

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဝဏ္ဏကျော်ထင်ဦးဝင်းမြင့် ဆွေးနွေးစဉ်။ (သတင်းစဉ်)

ကို ၁၉၉၇ ခုနှစ်ခန့်မှစတင်၍ တဖြည်းဖြည်း ပိုမိုတင်းကျပ်လာသည့်အတွက် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို အတိုင်းအတာတစ်ခုအထိ နှောင့်နှေးစေသည့်အပြင် အခြေခံလူတန်းစားများကိုပါ ထိခိုက်လာမှုများရှိခဲ့သည်ကို တွေ့ရပါကြောင်း၊ စီးပွားရေးပိတ်ဆို့မှု (Economic Sanction) ကြောင့် မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်ရေး တိုးတက်မှုနှေးကွေးခြင်း၊ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (Foreign Direct Investment-FDI) ဝင်ရောက်မှု ကျဆင်းလာခြင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများအကြား (Official Development Assistance-ODA) အနည်းဆုံးဖြစ်ခြင်း၊ ကမ္ဘာ့ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ I.M.F, ADB) တို့မှ ဘဏ္ဍာရေးအကူအညီလုံးဝမရရှိခဲ့ခြင်း၊ လုပ်အားစုးစိုက်သုံး စက်မှုလုပ်ငန်းများ (Labour Intensive Industries) လျော့ကျစေခြင်း၊ ခရီးသွားလုပ်ငန်းနှင့် ဟိုတယ်လုပ်ငန်းများ တိုးတက်သင့်သလောက် မတိုးတက်ခြင်း စသည့် ဆိုးကျိုးများ ဖြစ်ပေါ်ခဲ့ပါကြောင်း။

သိသိသာသာမြင့်တက်

အထူးသဖြင့် ပို့ကုန်နှင့်ဆက်စပ်နေသည့် လုပ်ငန်းများအားလုံး ကျယ်ကျယ်ပြန့်ပြန့် ထိခိုက်စေခဲ့ပါကြောင်း၊ မြန်မာနိုင်ငံသည် ၁၉၉၀ ပြည့်နှစ်ဝန်းကျင်ခန့်တွင် တစ်ကမ္ဘာလုံးနှင့် လွှမ်းခြုံပြီး ကုန်သွယ်သည့်နိုင်ငံ ဖြစ်ခဲ့သော်လည်း စီးပွားရေးပိတ်ဆို့မှုကြောင့် ယခုအခါတွင် အာရှနိုင်ငံ

သဃ်ာန်းကျွန်း မဲဆန္ဒနယ်မှ ဦးသိန်းညွန့် ဆွေးနွေးစဉ်။ (သတင်းစဉ်)

များနှင့်သာ အဓိက ကုန်သွယ်ရပါကြောင်း၊ (Economic Sanction) ကြောင့် အနောက်အုပ်စုနှင့် ကုန်သွယ်မှု ကျခဲ့သော်လည်း အာရှနိုင်ငံများနှင့် ကုန်သွယ်မှု သိသိသာသာ တိုးမြှင့်ခဲ့ပါကြောင်း၊ ၁၉၈၇-၁၉၈၈ ခုနှစ်တွင် ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ (၈၇၈) သန်းသာရှိခဲ့ရာမှ ယခုအခါ ၂၀၀၉-၂၀၁၀ ကုန်သွယ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ (၁၂) ဘီလီယံကျော်အထိ သိသိသာသာ မြင့်တက်ခဲ့ပါကြောင်း၊ ၁၉၉၀ ပြည့်နှစ်မတိုင်မီတွင် ဥရောပနှင့် အမေရိက ကုန်သွယ်မှုအနေဖြင့် မြန်မာ့ကုန်သွယ်မှု၏ (၁၀)ရာခိုင်နှုန်း ရှိခဲ့သော်လည်း ယခု (၅)ရာခိုင်နှုန်းအထိ သိသိသာသာကျဆင်းခဲ့ပါကြောင်း၊ စီးပွားရေး ပိတ်ဆို့မှုကြောင့် မြန်မာ့ပို့ကုန်များ ကမ္ဘာ့ဈေးကွက် ပျောက်ခဲ့ရသကဲ့သို့ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအတွက် ငွေပေးချေမှု ငွေလွှဲပြောင်းမှုများ၌လည်း အခက်အခဲများ ကြုံတွေ့ရပါကြောင်း၊ ကုန်သွယ်မှု ပြုလုပ်ရာတွင် အထွေထွေကုန်ကျစရိတ်နှင့် အချိန်ပိုမိုကြာမြင့်သည့်အတွက် မြန်မာ့ပို့ကုန်များ၏ ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား (Competitiveness) ကို ကျဆင်းစေပါကြောင်း။

Economic Sanction သည် ပို့ကုန် တိုးချဲ့တင်ပို့မှုကိုရော၊ ထပ်ဆင့်တိုးပို့ကုန် ထုတ်လုပ်သည့် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကိုပါ ဟန့်တားနေသည့်အတွက် တိုင်းပြည်အတွက်ရော၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အများစုဖြစ်သည့် အခြေခံအလုပ်သမား လူတန်းစားများကိုပါ ထိခိုက်စေပါကြောင်း၊ ထို့ထက်သာမက ယခုကဲ့သို့ စီးပွားရေးပိတ်ဆို့မှုသည် ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့ (WTO) ၏ အခြေခံမှု တစ်ခု

ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော် ဆွေးနွေးစဉ်။ (သတင်းစဉ်)

ဖြစ်သည့် ''ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး'' ကိုလည်း ဆန့်ကျင်ရာရောက်နေပါကြောင်း၊ ထို့ကြောင့် ဦးဌေးဦး၏ အဆိုကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ဆက်လက်၍ သဃ်ာန်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်က **အမေရိကန်၊ ဥရောပသမဂ္ဂနှင့်ကနေဒါ စသည့် အနောက်နိုင်ငံများက စီးပွားရေးပိတ်ဆို့မှုများ ဆောင်ရွက်ခဲ့ရာတွင် ကုန်သွယ်ရေးပိတ်ဆို့မှုကြောင့် အလုပ်သမားနှင့် အလုပ်ရှင်များကို ထိခိုက်စေသကဲ့သို့ ဘဏ္ဍာရေးပိတ်ဆို့မှုကြောင့် ငွေကြေးလွှဲပြောင်းမှုများကိုပါ ထိခိုက်စေပါကြောင်း၊ သဃ်ဇာတကြွယ်ဝရုံဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် အခြေအနေမပေးနိုင်ပါကြောင်း၊ လုပ်ငန်းကြီးများ လုပ်ကိုင်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာနှင့် နည်းပညာကို အသုံးပြုတတ်သည့် လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်ပါကြောင်း၊ စီးပွားရေးပိတ်ဆို့မှုကြောင့် တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကိုလည်း ထိခိုက်စေပါကြောင်း၊ သို့ဖြစ်ပါ၍ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားအတွက် ဦးဌေးဦး၏ အဆိုကို ထောက်ခံပါကြောင်း။**

သုံးသပ်နေ

ယင်းပိတ်ဆို့မှုပြဿနာကို ကိုင်တွယ်ဖြေရှင်းရာ၌ ဇာတိမာန်ခံစားချက်ဖြင့် ဖြေရှင်းမည့်အစား ကျွမ်းကျင်လိမ္မာသည့် နိုင်ငံခြားရေးမူဝါဒဖြင့် ကိုင်တွယ်ဆောင်ရွက်ရန် လိုအပ်မည်ဟု ယူဆပါကြောင်း၊ ပိတ်ဆို့သူများအနေဖြင့် ယင်းသို့ပိတ်ဆို့မှုသည် ၎င်းတို့ကိုလည်း ပြန်လည်ထိခိုက်သဖြင့် စဉ်းစားသုံးသပ်နေပြီဟု ကြားသိရပါကြောင်း၊ အာဆီယံနိုင်ငံများကလည်း ပိတ်ဆို့မှုကို ရုပ်သိမ်းပေးရန် တောင်းဆိုနေပြီဖြစ်၍ ယခုကဲ့သို့ အခွင့်အခါကောင်းတွင် အမြော်အမြင်ရှိသည့် နိုင်ငံခြားရေးမူဝါဒဖြင့် ဆောင်ရွက်နိုင်ရေးအတွက် ထည့်သွင်းစဉ်းစားနိုင်ပါရန် အကြံပြုလိုပါကြောင်းဖြင့် ဆွေးနွေးသည်။

ထို့နောက် ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော်က မြန်မာနိုင်ငံ၏ နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှုများအပေါ်တွင် မည်ကဲ့သို့သော ရည်ရွယ်ချက်ဖြင့် ပိတ်ဆို့အရေးယူသည်ဖြစ်စေ မိမိတို့နိုင်ငံ၏ ပြည်နယ်များအပါအဝင် ပြည်တွင်း စီးပွားရေးအင်အားစုများကို ထိခိုက်နစ်နာစေခဲ့သည်မှာ အမှန်ပင်ဖြစ်ပါကြောင်း၊ အထူးသဖြင့် ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်နေသည့် ပြည်နယ်များ၏ စီးပွားရေးအားယူမှုကို ပျက်စီးပြိုလဲစေခဲ့ပါကြောင်း။

၁၉၉၇ ခုနှစ်မှစပြီး အမေရိကန်အစိုးရက အကောက်ခွန်နှင့် ကုန်သွယ်ရေး အက်ဥပဒေကိုကျင့်သုံး၍ မြန်မာနိုင်ငံအပေါ် စီးပွားရေးစတင်ပိတ်ဆို့ခဲ့ပါကြောင်း၊ ၂၀၀၃ ခုနှစ်တွင် လွတ်လပ်မှုနှင့် ဒီမိုကရေစီ ဥပဒေကို ပြဋ္ဌာန်းပြီး ပိုမို ပြင်းထန်သည့် စီးပွားရေးပိတ်ဆို့မှု ပြုလုပ်ခဲ့ပါကြောင်း၊ ဥရောပသမဂ္ဂက လည်း ငွေလွှဲပြောင်းခြင်း အပါအဝင် သစ်နှင့် ကျောက်မျက်ကုန်ပစ္စည်း တင်ပို့မှုများကို ပိတ်ပင်ကန့်သတ်ခဲ့ပါကြောင်း၊ အခြားနိုင်ငံအချို့ကလည်း အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂနည်းတူ ပိတ်ပင်မှု ပြုလုပ်ခဲ့ကြပါကြောင်း။

ယင်းသို့ ပြုလုပ်ခဲ့ကြသည့်အတွက် ရခိုင်ပြည်နယ်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ရေထွက်ကုန်တင်ပို့မှုလုပ်ငန်းများ၊ သစ်အချောထည်လုပ်ငန်းများ ထိခိုက်နစ်နာစေခဲ့ပါကြောင်း။

ရခိုင်ပြည်နယ်တွင် မြောက်ဦး ရှေးဟောင်းယဉ်ကျေးမှုဒေသနှင့် ငပလီ ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းများကို

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဒေါက်တာမြတ်မြတ်အုန်းခင် ဆွေးနွေးစဉ်။ (သတင်းစဉ်)

အမှီပြုပြီး ရင်းနှီးစိုက်ထုတ်လုပ်ကိုင်ကြသည့် ကမ္ဘာလှည့်ခရီးသွား ဟိုတယ်လုပ်ငန်းများ၊ လက်မှုပစ္စည်းလုပ်ငန်းများ၊ ခရီးသွားပို့ဆောင်မှုလုပ်ငန်းများလည်း ထိခိုက်ခဲ့ကြပါကြောင်း။

၂၀၀၃ ခုနှစ်တွင် မြန်မာနိုင်ငံသည် အမေရိကန်ပြည်ထောင်စုသို့ ရေထွက်ပစ္စည်းတင်ပို့မှု စတုတ္ထအများဆုံး အာရှနိုင်ငံ ဖြစ်ခဲ့ပါကြောင်း၊ ယင်းသို့ တင်ပို့နိုင်ခဲ့သည့်အတွက် ရခိုင်ပြည်နယ်မှ ပုစွန်လုပ်ငန်းရှင်များ စီးပွားဖြစ်ထွန်းခဲ့ကြပါကြောင်း၊ သို့သော်လည်း စီးပွားရေးပိတ်ဆို့လိုက်သည့်အတွက် ပုစွန်မွေးမြူရေးလုပ်ငန်းများ ထိခိုက်ကျဆင်းခဲ့ရပါကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံတွင် ၂၀၁၀ ခုနှစ်အတွင်း နိုင်ငံရေးပါတီများ ထူထောင်ခွင့်ပေးခဲ့ပြီး ပါတီစုံရွေးကောက်ပွဲ ပြုလုပ်ကျင်းပပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ ပါလီမန်စနစ်ကို ဦးတည်သည့် ဒီမိုကရေစီခြေလှမ်းအစကို မိမိတို့ ကောင်းစွာ ဖော်ဆောင်ဖြတ်သန်းခဲ့ကြပြီးလည်း ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂနိုင်ငံများအနေဖြင့် မြန်မာနိုင်ငံ၏ တိုးတက်ကောင်းမွန်သည့် နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှုများကို အမှန်အတိုင်း ရှုမြင်သုံးသပ်လက်ခံပြီး ပြည်ထောင်စုမြန်မာနိုင်ငံသားများဖြစ်သည့် တိုင်းရင်းသားပြည်သူအပေါင်း၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လိုမှုအတွက် အားကြိုးမာန်တက် ကြိုးပမ်းရုန်းကန်နေကြမှုများအပေါ် အပြုသဘောဆောင်သည့်အမြင်ဖြင့် စီးပွားရေးပိတ်ဆို့မှုများ ရုပ်သိမ်းပေးသင့်ပြီဖြစ်ပါကြောင်းနှင့် ဦးဌေးဦး၏အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဒေါက်တာမြတ်မြတ်အုန်းခင်က **မြန်မာနိုင်ငံတွင် အမျိုးသား၊ အမျိုးသမီး ခွဲခြားဆက်ဆံခြင်း မရှိဘဲ တန်းတူညီတူ အခွင့်အရေးရစေရန် နိုင်ငံတော်က ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေး ဆောင်ရွက်ပေးနေသကဲ့သို့ တစ်ဖက်ကလည်း အမျိုးသမီးများကို အကာအကွယ်ပေးသော ဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်း၍ ကာကွယ် စောင့်ရှောက်မှုပေးနေသည့်အတွက် မြန်မာအမျိုးသမီးထုသည် ရသင့်ရထိုက်သော အခွင့်အရေးများ အပြည့်အဝရရှိခံစားနေကြသည်ကို အားလုံးအသိဖြစ်ပါကြောင်း၊ ယခု ပြည်ထောင်စုလွှတ်တော်ကြီးမှာပင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များပါဝင်ပြီး အရေးကြီးကော်မတီများ၌ တန်းတူရည်တူ တာဝန်ပေးအပ်ထားသည်များကိုလည်း ဝမ်းမြောက်ဂုဏ်ယူဖွယ် တွေ့မြင်ရပါကြောင်း။**

ရပ်တည်နိုင်ခဲ့

၁၉၈၈ ခုနှစ်နောက်ပိုင်း နိုင်ငံတော်ဈေးကွက်စီးပွားရေးမူဝါဒအရ ပေါ်ပေါက်လာခဲ့သည့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်ရုံ၊ စက်ရုံကြီးများ၊ အထည်ချုပ်စက်ရုံများ၌ အမျိုးသမီးထုသည် မိမိတို့၏ ကျွမ်းကျင်မှုပညာအရ အမျိုးသားများနည်းတူ အလုပ်အကိုင်များ ရရှိခဲ့သဖြင့် မိသားစုငွေကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပေးနိုင်ပြီး တင့်တယ်သာယာသည့် မိသားစုများအဖြစ် ရပ်တည်နိုင်ခဲ့ကြပါကြောင်း၊ သို့သော် ၁၉၉၇ ခုနှစ်

အင်ဂျန်းယန် မဲဆန္ဒနယ်မှ ဒေါ်ဒွေဘူ ဆွေးနွေးစဉ်။ (သတင်းစဉ်)

မှစပြီး မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများ၊ ၂၀၀၃ ခုနှစ် ပြင်းထန်သော စီးပွားရေးပိတ်ဆို့မှုများ ပြုလုပ်လာသည့်အတွက် ပြည်ပပို့ကုန်ထုတ်လုပ်နေသည့် အထည်ချုပ်စက်ရုံကြီးများ အပါအဝင် စက်ရုံ၊ အလုပ်ရုံအများအပြားသည် မလွှဲမရှောင်သာ ပိတ်ခဲ့ရပြီး လုပ်သားငါးသောင်းခန့် အလုပ်လက်မဲ့ဖြစ်ကြရကာ အမျိုးသမီးအများအပြား ထိခိုက်နစ်နာခဲ့ရပါကြောင်း၊ ၎င်းတို့ကို မှီခိုရသည့် မိသားစုဝင် နှစ်သိန်းကျော်ခန့်ပါ ထိခိုက်ရပါကြောင်း၊ စီးပွားရေးသာမက လူမှုရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါ ပိတ်ပင်ခံခဲ့ရသဖြင့် ထိခိုက်နစ်နာခဲ့ရပါကြောင်း။

အဆိုးရွားဆုံးမှာ အလုပ်လက်မဲ့ဖြစ်ပြီး အားကိုးမဲ့ဖြစ်ကာ မသင့်လျော်သောနေရာများတွင် ဝမ်းရေးအတွက် ဝင်ရောက်လုပ်ကိုင်ခဲ့ရပါကြောင်း၊ အချို့လည်း အလွန်နိမ့်ကျသည့်ဘဝနှင့် နွံနစ်ခဲ့သကဲ့သို့ အချို့ဆိုလျှင် မသမာသူ လူပွဲစားများကြောင့် ပြည်ပရောက်ရပြီး အလုပ်ရှင်နိုင်ငံခြားသား၏ မတန်မရာနိမ့်ချဆက်ဆံမှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ နည်းမျိုးစုံနှင့် ထိပါးစော်ကားခံရမှုနှင့် ပိုမိုဆိုးရွားစွာ လူကုန်ကူးခံရပြီး အမွှေထိမ်းမြားခံရကာ နိမ့်ကျသည့်ဘဝသို့ ရောက်ခဲ့ကြရသည့် ဖြစ်ရပ်များစွာကို ပြည်သူများ ရင်နှင့်ဖွယ်ကြားသိကြရပြီး ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့အနေဖြင့် အဆိုပါကိစ္စရပ်များကြောင့် မြန်မာသမီးငယ်များကို ဒုက္ခနွံတွင်းက ဆွဲထုတ်ကယ်တင်ရသည့် ဖြစ်ရပ်အမှုအခင်းများစွာ ရှိပါကြောင်း။

မြန်မာအမျိုးသမီးများ၏ ဂုဏ်သိက္ခာ ညှိုးနွမ်းရသော ပန်းကောင်းအညွန့်ကျိုးဖြစ်ရမှုအပါအဝင် အစားထိုးပေးဆပ်၍ မရသည့် နစ်နာဆုံးရှုံးမှုများ ဖြစ်ခဲ့ပါကြောင်း၊ မျိုးချစ်စိတ်ဓာတ်၊ စာနာနားလည်မှုစိတ်ဓာတ်ရှိသူတိုင်း မခံချိစရာကိစ္စများ ဖြစ်ပါကြောင်း၊ ယင်းနာကြည်းခံပြင်းမှုမှသည် အဓိကတရားခံဖြစ်သည့် ပိတ်ဆို့သူများအပေါ် ပြည်သူလူထု၏ အမုန်းတရားများ ဦးလှည့်သွားစေနိုင်ပါကြောင်း။

ဤအကျိုးတရားများ အားလုံး၏ အကြောင်းအရင်းဇာစ်မြစ်မှာ မြန်မာနိုင်ငံအပေါ် တရားမျှတမှုမရှိသော တစ်ဖက်သတ်စီးပွားရေးပိတ်ဆို့မှုများကြောင့် ဖြစ်ရပါကြောင်း၊ သို့ဖြစ်၍ အဆိုပါစီးပွားရေးပိတ်ဆို့မှုများအားလုံးနှင့် ထိုပိတ်ဆို့မှုကို ဖြစ်စေသော နိုင်ငံတော်အပေါ် သေးသိမ်မှေးမှိန်အောင် မမှန်သတင်းထုတ်လွှင့်မှုများအားလုံးကို ဆန့်ကျင်ကန့်ကွက်ပါကြောင်း၊ ဦးဌေးဦး၏ အဆိုအား နိုင်ငံနှင့် ပြည်သူအကျိုးကို ထာဝရရှေးရှုသော မျိုးချစ်မြန်မာ အမျိုးသမီးထုကိုယ်စား လှိုက်လှဲစွာ ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ကြိုးပမ်းအားထုတ်နေ

ထို့နောက် အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွေဘူက နိုင်ငံကြီးငယ်မဟူ ကမ္ဘာ့နိုင်ငံတိုင်းသည် မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ အဆင့်အတန်းရှိသည့် နိုင်ငံအဖြစ် ရေရှည်ရပ်တည်နိုင်ရေးတို့အတွက် အသီးသီး အပတ်တကုတ် ကြိုးပမ်းအားထုတ်နေကြပါကြောင်း၊ ယင်းသို့ အားထုတ်ကြိုးပမ်းလုပ်ကိုင်ရာတွင် သက်ဆိုင်ရာ အစိုးရများနှင့် သက်ဆိုင်ရာပြည်သူများသည် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် သင့်လျော်သည့် လမ်းကြောင်းကို မိမိတို့ကိုယ်တိုင် ရွေးချယ်ပိုင်ခွင့်ရှိရမည်ဖြစ်ပြီး မိမိတို့၏ ကံကြမ္မာကို မိမိတို့ရွေးချယ်ထားသည့် လမ်းကြောင်းအတိုင်း လွတ်လွတ်လပ်လပ် ဆုံးဖြတ်ပိုင်ခွင့် ရှိရမည်ဖြစ်ပါကြောင်း၊ ပြည်ပနှောင့်ယှက်စွက်ဖက်မှု ကင်းကင်းနှင့် မိမိတို့၏ ပြည်တွင်းရေးရာများကို လုပ်ကိုင်ဆောင်ရွက်ခွင့် ရှိသင့်သည်မှာ အမှန်ပင်ဖြစ်ပါကြောင်း၊ ဤသည်မှာ အသစ်အဆန်းမူဝါဒမဟုတ်ဘဲ ကမ္ဘာ့နိုင်ငံတိုင်းက လက်ခံထားသည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူ (၅)ချက်တွင် ပါပြီးဖြစ်သည့် နိုင်ငံတကာဆက်ဆံရေး အနှစ်ချုပ် သီလတရားပင် ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံ၏ ရေမြေသဘာဝ၊ ယဉ်ကျေးမှုအစဉ်အလာ၊ နောက်ခံသမိုင်းကြောင်းများနှင့် ဆီလျော်သည့် ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးလမ်းကြောင်းနှင့် ပုံသဏ္ဌာန်ကို ပြည်သူများက တစ်ခဲနက်ရဲရဲကြီး ရွေးချယ်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံ၏လူနေမှုပုံစံမှာ ထင်ထင်ရှားရှား ပြောင်းလဲလျက်ရှိနေသည်ကို မျက်ကွယ်ပြုပြီး မြန်မာနိုင်ငံ၌ ရင်းနှီးမှုမပြုလုပ်ရန် တားမြစ်ခြင်း၊ မြန်မာနိုင်ငံ၏

စာမျက်နှာ ၇ ကော်လံ ၁ သို့

ရှင်းလင်းဆွေးနွေး

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း ပြန်လည်ရှင်းလင်း ဆွေးနွေးစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၅ မှ

စီမံဆောင်ရွက်ပေး

နိုင်ငံတော်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုတို့ကို တစ်နှစ်ထက်တစ်နှစ် တိုးတက်စေရေးအတွက် ပိုမိုပံ့ပိုးကူညီပေးလျက်ရှိပြီး ဈေးကွက်အတွင်းသို့ ကုန်ပစ္စည်းများ လုံလောက်အောင်ရောက်ရှိစေရေး၊ သယ်ယူစရိတ်များ မှန်ကန်ရေး၊ ကြားခံအဆင့်များ လျှော့ချရေး၊ လမ်းခရီး၌ မလိုအပ်ဘဲ ထိန်းချုပ်မှုနှင့်အကြောင်းကြောင်းကြောင့် အပိုကုန်ကျစရိတ်များ လျော့နည်းပပျောက်ရေးတို့ကို ညှိနှိုင်းပေါင်းစပ်ပေးလျက် ရှိပါကြောင်း၊ ကုန်ဈေးနှုန်း ထိန်းသိမ်းထားနိုင်ရေးအတွက် စီမံမှုအနေဖြင့် ပြည်ပသို့ စားသောက်ကုန်စီးထွက်မှုမရှိစေရန် ကြပ်မတ်ဆောင်ရွက်ခြင်း၊ ကောလာဟလများကြောင့် ဆန်နှင့်စားသောက်ကုန်များ သိုလှောင်မှုလျော့နည်းပပျောက်စေရန် မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်း၊ ဆန်စပါးနှင့် အခြားသီးနှံ ထုတ်လုပ်မှုဆက်နွယ်နေသော အသင်းအဖွဲ့များကို ခေါ်ယူ၍ စည်းရုံးဆွေးနွေးခြင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များက ဈေးပြိုင်ဝယ်ယူသိုလှောင်ပြီး ဈေးကစားမှုမပြုရေးနှင့် ဈေးကွက်တွင် ထိရောက်စွာ ပါဝင်လာစေရေးအတွက် စီမံဆောင်ရွက်ပေးခြင်း၊ ကုန်စည်သယ်ယူပို့ဆောင်ရေး စရိတ်များ ပြေလည်စေရန် ဆောင်ရွက်ခြင်းနှင့် ကုန်စည်တင်ဆောင်မှုနှင့်ပတ်သက်၍ ဝင်ရိုးအလေးချိန်ကန့်သတ်မှုကို အတိုင်းအတာတစ်ခုအထိ လျှော့ပေါ့ပေးခြင်း၊ လမ်းခရီးကြန့်ကြာမှုများလျော့နည်းစေရန် ဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး ထုတ်ကုန်များ တိုးတက်လာစေရေးအတွက် ကူညီပံ့ပိုးခြင်း၊ အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာအပိုင်းမှ လိုအပ်သလို အထောက်အကူပေးခြင်းများ ဆောင်ရွက်လျက် ကုန်ဈေးနှုန်းထိန်းသိမ်းရေးအတွက် စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လက်ရှိနိုင်ငံတော်တွင် နိုင်ငံရေး၊ စီးပွားရေး၌ များသောအားဖြင့် တည်ငြိမ်မှုရှိနေပြီး အခြေခံစားကုန်ပစ္စည်းများမှာ ပြည်တွင်းထုတ်လုပ်မှုနှင့် စားသုံးရန် လိုအပ်ချက် ဖူလုံမှုရှိသည့်အပြင် ပိုလျှံမှုပါရှိနေပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူတို့၏ အဓိကလိုအပ်ချက်ဖြစ်သော စားဝတ်နေရေး ကိစ္စရပ်များကို အလေးထား၍ စီမံဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေတွင် ကုန်ဈေးနှုန်းအနည်းငယ်မြင့်တက်နေခြင်းမှာ ပြည်ပဒေသအချို့တွင် နိုင်ငံရေးနှင့် စီးပွားရေးမတည်ငြိမ်မှုဂယက်များကြောင့် စက်သုံးဆီထုတ်လုပ်မှု၊ ဖြန့်ဖြူးမှုတို့ လျော့နည်းကျဆင်းပြီး လောင်စာဆီဈေးနှုန်း မြင့်တက်ခြင်း၊ ပို့ဆောင်ရေးစရိတ်မြင့်တက်ခြင်း၊ ကောလာဟလသတင်းများအပေါ် ဝိသမစီးပွားရေးသမားများက ဈေးကစားခြင်းများကြောင့် ဈေးနှုန်းတက်ရခြင်း ဖြစ်ပါကြောင်း၊ အထက်ပါအခြေအနေများ ဖြစ်ပေါ်နေသော်လည်း နိုင်ငံတော်အတွင်း စက်သုံးဆီလုံလောက်စွာဖြန့်ဖြူးရေး၊ သယ်ယူပို့ဆောင်ရေးစနစ် မှန်ကန်ချောမွေ့ရေး စီစဉ်ထားပြီးဖြစ်ပါကြောင်း၊ အများပြည်သူစားသုံးရန် အခြေခံစားကုန်များ အလုံအလောက်ရှိပါသဖြင့် နိုင်ငံတော်အနေဖြင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေးကို ကောင်းစွာထိန်းသိမ်းဆောင်ရွက်နိုင်သည့် အခြေအနေရှိပါကြောင်းနှင့် စိုးရိမ်ဖွယ်ရာမရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၆ မှ

ပို့ကုန်များကို ကန့်သတ်တားဆီးခြင်း၊ ဘဏ္ဍာရေး ဝန်ဆောင်မှုများနှင့် ငွေကြေးလွှဲပြောင်းမှုများကို ပိတ်ဆို့ခြင်း၊ နည်းပညာ အချက်အလက်များ မရရှိအောင် တားမြစ်ခြင်း၊ ကမ္ဘာလှည့်ခရီးသည်များမလာအောင် ဟန့်တားခြင်းစသည့် စီးပွားရေး ပိတ်ဆို့မှုမျိုးစုံကို အနောက်အုပ်စုနိုင်ငံများက ဝမ်းနည်းဖွယ်ရာ ဆက်လက်ကျင့်သုံးနေဆဲဖြစ်ပါကြောင်း။

ဆိုးကျိုးသာဖြစ်ထွန်း

ယင်းသို့ တစ်ဖက်သတ်စီးပွားရေး ပိတ်ဆို့မှုသည် ပြုလုပ်သူအတွက် အကျိုးမရှိရုံသာမက မြန်မာနိုင်ငံနှင့် ပြည်သူများကို အနည်းနှင့်အများ ထိခိုက်စေပြီး ရေရှည်တွင် အမေရိကန်၊ ဗြိတိန်၊ အီးယူစသည့် အနောက်အုပ်စုဆန့်ကျင်ရေးဘက်သို့ ပို၍တွန်းပို့စေသည့် ဆိုးကျိုးများကိုသာ ဖြစ်ထွန်းစေမည် ဖြစ်ပါကြောင်း။

ထို့ကြောင့် အနောက်အုပ်စုနိုင်ငံများ၏ လွဲမှားစွာ တစ်ဖက်သတ် ကျင့်သုံးလျက်ရှိသည့် မြန်မာနိုင်ငံအပေါ် စီးပွားရေး ပိတ်ဆို့မှုများသည် နှစ်မြို့စရာမရှိ၊ စိတ်အနှောင့်အယှက်ဖြစ်စေသည့် လုပ်ဆောင်မှုများသာ ဖြစ်သည့်အတွက် နိုင်ငံတော်နှင့် ပြည်သူများ၏ကိုယ်စား ဦးဌေးဦး၏အဆိုကို လေးနက်စွာ ထောက်ခံအပ်ပါကြောင်း။

နိုင်ငံကိုချစ်သည့် နိုင်ငံသားတိုင်းသည် မိမိတို့နိုင်ငံတော်နှင့် ပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်မှုများကိုသာ မြင်လိုတွေ့လိုကြသူများဖြစ်ပါကြောင်း၊ ရရှိပြီးဖြစ်သည့် အခြေခံကောင်းများအပေါ် အခြေပြုပြီး ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ထူထောင်နိုင်ရေးအတွက် ဝိုင်းဝန်းအကောင်အထည် ဖော်နေကြပြီဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ ဖြစ်ပေါ်တိုးတက်မှု ပကတိအရှိတရားများကို တွေ့မြင်ပါလျက် မျက်ကွယ်ပြုပြီး ပြည်တွင်း ပြည်ပ မှားယွင်းသည့် သတင်းများ ထုတ်လွှင့်နေမှုများသည်လည်း စီးပွားရေး ပိတ်ဆို့မှုကို ဖြစ်စေသည့် အကြောင်းတစ်ခု ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတော်နှင့် ပြည်သူများ၏ တိုးတက်မှုကို အနှောင့်အယှက်ဖြစ်စေသည့် ပြည်တွင်း ပြည်ပ မမှန်သတင်း ထုတ်လွှင့်နေမှုများကို ကန့်ကွက်ပါကြောင်း။

ဒီမိုကရေစီ အခြေခံအဆောက်အအုံများကို နိုင်ငံတော်နှင့်ပြည်သူ တက်ညီလက်ညီ ပူးပေါင်းတည်ဆောက်လျက် ချမှတ်ထားသည့် ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များနှင့်အညီ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ရှေ့ဆက်ပြီး နိုင်ငံတော်အေးချမ်းတည်ငြိမ်ရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မိမိတို့ ပြည်သူများက ကြိုးစားပမ်းစား လုပ်ကိုင်ဖော်ဆောင်သွားရမည် ဖြစ်ပါကြောင်း၊ အနှောင့်အယှက် အဟန့်အတားများဖြစ်စေသည့် ပိတ်ဆို့မှုအားလုံးကို နိုင်ငံတော်နှင့် ပြည်သူတို့၏ ညီညွတ်မှုစွမ်းအား၊ အလုပ်စွမ်းအားတို့ဖြင့် ကျော်လွှားသွားကြရမည် ဖြစ်ပါကြောင်း၊ တစ်ဖက်က အနှောင့်အယှက် အဟန့်အတားများကို တွန်းလှန်ကျော်လွှားသကဲ့သို့ တစ်ဖက်မှလည်း နိုင်ငံအချင်းချင်း အပြန်အလှန် အကျိုးဖြစ်ထွန်းမှု၊ တန်းတူရည်တူရှိမှုတို့အပေါ် အခြေခံပြီး ပူးပေါင်းဆောင်ရွက်မှုအားလုံးကို လက်ကမ်းကြိုဆိုသွားရမည် ဖြစ်ပါကြောင်း။

ဝိုင်းဝန်းလုပ်ကိုင်

ထို့ကြောင့် ပြည်သူများ၏ ရည်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာမှုရှိသော၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်အဖြစ် အကောင်အထည်ဖော် တည်ဆောက်ရာတွင် တွေ့ကြုံနေရသည့် ပိတ်ဆို့မှုများကို စည်းလုံးညီညွတ်စွာဖြင့် ကျော်လွှားနိုင်ရေးအတွက် ဝိုင်းဝန်းလုပ်ကိုင်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုးက အနောက်နိုင်ငံများ၏ စီးပွားရေးပိတ်ဆို့မှုသည် ပြည်သူများကို မထိခိုက်ဘဲ တည်ဆဲအစိုးရကိုသာ ထိခိုက်သည်ဟု ယူဆပြောဆိုနေကြသူများသည် ပကတိအရှိတရားကို မျက်ကွယ်ပြုပြီး ပြည်သူများ ဒုက္ခရောက်ချင်ရောက်ပါစေ၊ မိမိတို့ရပ်တည်ရေးကိုသာ အဓိကထားလျက် တလဲဆံပင် ကောင်းနေကြသူများပင်ဖြစ်ပါကြောင်း၊ ပိတ်ဆို့မှုသည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအရှိန်အဟုန်ကို ဟန့်တားရာရောက်သကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်များ အရ အကူအညီပေးမှုများကိုပါ ဟန့်တားစေသည့်အတွက် နိုင်ငံ၏ အခြေခံအဆောက်အအုံများ တည်ဆောက်ရာ၌ အခက်အခဲများ ဖြစ်ပေါ်စေပါကြောင်း၊ စက်မှုကဏ္ဍရှိ လုပ်သားများ၏ အခွင့်အရေးကို ထိခိုက်စေပါကြောင်း၊ တစ်ဖက်တွင်လည်း ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် ကုမ္ပဏီများကို တားမြစ်ထားခြင်းသည် ၎င်းတို့နိုင်ငံသားများ၏ လွတ်လပ်စွာ ကုန်သွယ်ဆောင်ရွက်ခွင့်ကို တားမြစ်ပိတ်ပင်ခြင်းပင်ဖြစ်ပါကြောင်း၊ ယင်းမှာ လူ့အခွင့်အရေး ချိုးဖောက်မှုဖြစ်သည်ဆိုသည်ကို အနောက်နိုင်ငံများအနေဖြင့် သိစေလိုပါကြောင်း။

ကျူးလွန်နေ

စိုက်ပျိုးရေးသွင်းအားစုများ တင်သွင်းခွင့်မရသဖြင့် စိုက်ပျိုးထုတ်လုပ်မှုကို ထိခိုက်

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး ဆွေးနွေးစဉ်။ (သတင်းစဉ်)

စေသည်သာမက နိုင်ငံအတွင်းရှိ ပြည်သူအများစုဖြစ်သည့် တောင်သူလယ်သမားများကိုလည်း နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်စေပါကြောင်း၊ အလားတူ နည်းပညာခေတ်တွင် နည်းပညာအချက်အလက်များ မြန်မာနိုင်ငံသို့ စီးဝင်လာခြင်းမရှိအောင် ဟန့်တားထားသည့်အတွက် နည်းပညာဆိုင်ရာ အခွင့်အရေးချိုးဖောက်မှုများကို ကျူးလွန်နေခြင်း ဖြစ်ပါကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၊ နိုင်ငံရေးပါတီ အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် ယင်းပိတ်ဆို့မှုကို ညီညွတ်စွာ ပူးပေါင်းလက်တွဲ ကာကွယ်သွားကြရန် လိုအပ်မည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးကို လက်တွဲဖော်ဆောင်ကြရမည် ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်အားလုံးနှင့်အတူ အဆိုကို လှိုက်လှိုက်လှဲလှဲ ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ထို့နောက် ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနုက ပိတ်ဆို့မှုနှင့်ပတ်သက်၍ ညီနောင်တိုင်းရင်းသား ပါတီများက (၁၅-၁-၂၀၁၁)နေ့စွဲဖြင့် ပူးတွဲကြေညာချက် ထုတ်ပြန်ကန့်ကွက်ခဲ့ပါကြောင်း။

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့တွင် ညီနောင်နိုင်ငံရေးပါတီများကလည်း ဤပိတ်ဆို့မှုများနှင့် ပတ်သက်၍ ပူးတွဲကြေညာချက်တစ်စောင် ထပ်မံထုတ်ပြန်ခဲ့ပါကြောင်း၊ ထို့ပြင် အိမ်နီးချင်းအာဆီယံ နိုင်ငံများကလည်း ဤပိတ်ဆို့မှုများနှင့် ပတ်သက်၍ ဖယ်ရှားပေးရန် ပြောဆိုခဲ့ကြပါကြောင်း။

စီးပွားရေးကဏ္ဍတိုင်းတွင် နိုင်ငံခြားမှ ဝယ်ယူသုံးစွဲရသည့် ပစ္စည်းအချို့ ရှိတတ်ပါကြောင်း၊ စိုက်ပျိုးရေးကဏ္ဍ၌ အသုံးပြုရန် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ စိုက်ပျိုးရေးသုံး စက်ကိရိယာများကို နိုင်ငံခြားမှ မှာယူတင်သွင်းသည့်အခါ စီးပွားရေးပိတ်ဆို့မှုများကြောင့် ဒေါ်လာငွေအစား ယူရိုငွေနှင့် တစ်ဖန် ဖြေရှင်းရသည့်အတွက် ပြင်ဆင်စိုက်ထုတ်ရသည့် အပိုကုန်ကျစရိတ် (processing cost) ၂ ရာခိုင်နှုန်းမှ ၃ ရာခိုင်နှုန်းအထိရှိသည်ဟု သိရပါကြောင်း၊ ထိုအပိုကုန်ကျစရိတ်များသည် နောက်ဆုံး၌ ပြည်သူလူထုအပေါ်တွင်သာ ဝန်ထုပ်ဝန်ပိုး ဖြစ်စေမည်ကို တွေ့ရှိရပါကြောင်း၊ ထိုအကြောင်းတရားများသည် စီးပွားရေး ပိတ်ဆို့မှုကြောင့် ဖြစ်ပေါ်လာရသည့် အကျိုးဆက်များသာ ဖြစ်ပါကြောင်း။

ယင်းစီးပွားရေးပိတ်ဆို့မှုများကြောင့် ကမ္ဘာ့ငွေကြေးအဖွဲ့များဖြစ်ကြသည့် IMF၊ ADB၊ IFI စသည့် အဖွဲ့အစည်းများထံမှ ငွေကြေးနှင့် နည်းပညာပံ့ပိုးမှုများ ဆုံးရှုံးခဲ့ရပါကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုပါလျှင် ယင်းစီးပွားရေးပိတ်ဆို့မှုကာလအတွင်း၌ ငွေကြေးနှင့် နည်းပညာ တန်ဖိုးအနေဖြင့် ဒေါ်လာသန်းပေါင်းများစွာ ထိခိုက်နစ်နာခဲ့ရပါကြောင်း။

ထို့ပြင် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု မရရှိခဲ့ကြသည့်အတွက် တိုင်းရင်းသားများ၊ နယ်စွန်နယ်ဖျားဒေသ ဖွံ့ဖြိုးမှု လုပ်ငန်းများအတွက် များစွာနစ်နာခဲ့ရသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအပေါ် စီးပွားရေး ပိတ်ဆို့မှုများသည် ပိတ်သည့်သူများနှင့် အပိတ်ခံရသည့်သူများ နှစ်ဖက်စလုံး လုံးဝ အကျိုးမရှိသည့် ကိစ္စဖြစ်ပါကြောင်း၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို အကြောင်းပြလျက် ဆောင်ရွက်ခဲ့သည့် ဤပိတ်ဆို့မှုများသည် ဒီမိုကရေစီလမ်းကြောင်းကို ကြိုးစားပြီး စတင်လျှောက်လှမ်းနေသည့် မိမိတို့နိုင်ငံတော်သစ်အတွက် မည်သို့မျှအဓိပ္ပာယ်မရှိပါကြောင်း၊ မြန်မာနိုင်ငံအပေါ် ပိတ်ဆို့မှုများ ဆက်လက်လုပ်ဆောင်နေကြမည့်အစား အားပေးကူညီမှုများဖြင့် လက်ကမ်းကြိုဆိုကြရမည့်အချိန်သို့ ရောက်ရှိနေပြီဖြစ်သည်ကို မြန်မာနိုင်ငံသားများအားလုံး၏ကိုယ်စား ပြောကြားလိုပါကြောင်းနှင့် အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု ဆွေးနွေးစဉ်။ (သတင်းစဉ်)

ယင်းနောက် ချောင်းဆုံမဲဆန္ဒနယ်မှ ဦးလှမောင်(ခ) ဦးနိုင်လှမောင်က အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂတို့ ဦးဆောင်သော စီးပွားရေးပိတ်ဆို့မှုများကြောင့် မြန်မာနိုင်ငံသားများအတွက် အကျိုးယုတ်စေခဲ့ပါကြောင်း၊ သို့ပါ၍ ၎င်းပိတ်ဆို့မှုကို မိမိတို့ လုံးဝမလိုလားပါကြောင်း၊ ပိတ်ဆို့မှုကို ဖယ်ရှားပေးရေးအတွက်လည်း တိုင်းရင်းသားညီနောင် (၅) ပါတီနှင့် ပူးတွဲကြေညာချက် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါပိတ်ဆို့မှုကိစ္စနှင့်စပ်လျဉ်း၍ ဦးဌေးဦး၏ ဆွေးနွေးချက်များကို သုံးသပ်ရာတွင် ပိတ်ဆို့မှုအတွက် ကန့်ကွက်ကြောင်းဆိုသော စကားလုံး ပါဝင်နေပါကြောင်း၊ ကန့်ကွက်ကြောင်းဆိုသော စကားလုံးအစား ''ပိတ်ဆို့မှုကို ရုပ်သိမ်းပေးရန် မေတ္တာရပ်ခံပါသည်'' ဆိုသည့် စကားရပ်က ပိုမိုသိမ်မွေ့မည်ဟု အကြံပြု တင်ပြလိုပါကြောင်း။

လက်တွေ့ကျကျပြသ

ဤကဲ့သို့ ပိတ်ဆို့မှုကို ရုပ်သိမ်းရန် မေတ္တာရပ်ခံခြင်းအားဖြင့်လည်း ၎င်းတို့က အလွယ်တကူ ရုပ်သိမ်းမည်ဟု မမျှော်လင့်နိုင်ပါကြောင်း၊ မိမိတို့ဘက်ကလည်း ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ပြီး လက်တွေ့ကျကျ ပြသနိုင်ရန် လိုအပ်ပါကြောင်း။

ဤသို့ ပါတီစုံဒီမိုကရေစီစနစ် ဖော်ဆောင်မှုကို လက်တွေ့ကျကျ ပြသနိုင်သည်နှင့်အမျှ ကမ္ဘာ့ဒီမိုကရေစီနိုင်ငံအသီးသီးက အားပေးထောက်ခံလာကြမည်ဖြစ်သကဲ့သို့ အမေရိကန်နှင့် ဥရောပနိုင်ငံများကလည်း မလွဲမရှောင်သာ ပိတ်ဆို့မှုကိုရုပ်သိမ်းပေးရမည်ဟု ယူဆပါကြောင်းနှင့် အဆိုကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ဆက်လက်၍ မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာပွင့်ဆန်းက လုပ်သားအင်အား အများအပြားသုံးရပြီး အလုပ်အကိုင် အခွင့်အလမ်းများစွာပေးနိုင်သည့် အထည်ချုပ်လုပ်ငန်းများသည် ပိတ်ဆို့မှုမတိုင်မီ စက်ရုံ (၁၀၀)ကျော်ခန့်လည်ပတ်နေရာမှ စီးပွားရေး ပိတ်ဆို့မှုကြောင့် စက်ရုံထက်ဝက်ခန့် ပိတ်လိုက်ရပြီး အထည်ချုပ်အလုပ်သမား (၈၅၀၀၀)ခန့်မှာ အလုပ်လက်မဲ့ဘဝသို့ ရောက်ရှိခဲ့ရပါကြောင်း၊ ၎င်းတို့ကို မှီခိုစားသောက်နေရသည့် မိသားစုများပါ ဒုက္ခရောက်ကြရပါကြောင်း။

ထို့ပြင် ငွေကြေးလွှဲပြောင်းမှုဆိုင်ရာ စီးပွားရေးပိတ်ဆို့မှုများကြောင့် စီးပွားရေးလုပ်ငန်းများ၊ အစိုးရဌာနများ၊ နိုင်ငံခြားသံရုံးများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အမေရိကန် ငွေကြေးစနစ်ကို အသုံးပြုနေသည့် အခြားလုပ်ငန်းများအားလုံး အခက်အခဲတွေ့ခဲ့ရပါကြောင်း။

အမေရိကန်နှင့် ၎င်း၏သြဇာခံနိုင်ငံများက မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု မလုပ်ရန် တားမြစ်ခြင်းနှင့် နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်းများမှ မြန်မာနိုင်ငံသို့ ချေးငွေနှင့် အကူအညီများပေးရေးကို ဖြတ်တောက်လျှော့ချရန် ဖိအားပေး လုပ်ဆောင်ခဲ့သည်ကို တွေ့ရပါကြောင်း။

ဥရောပသမဂ္ဂ (EU)နှင့် ကနေဒါနိုင်ငံတို့ကလည်း စီးပွားရေးပိတ်ဆို့သည့် အနေဖြင့် မြန်မာနိုင်ငံ ထွက်ကုန်များဖြစ်သော သစ်နှင့် ကျောက်မျက်ရတနာများ တင်ပို့မှုကို ကန့်သတ်ခြင်း၊ ဘဏ္ဍာငွေကြေး ဝန်ဆောင်မှုများကို ပိတ်ပင်ခဲ့ခြင်းတို့ကို ပြုလုပ်ခဲ့ပါကြောင်း၊ ကမ္ဘာလှည့်ခရီးသည်များ မလာအောင် သတင်းမှားများဖြင့် လှုံ့ဆော်ဟန့်တားခြင်းများကြောင့် ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းကိုလည်း ထိခိုက်နစ်နာစေခဲ့ပါကြောင်း။

စီးပွားရေးပိတ်ဆို့မှုများကို ပြုလုပ်ရာတွင် ၎င်းတို့အလိုကျ နိုင်ငံရေးပြောင်းလဲစေရေးအတွက် ဖိအားပေးရန် ရည်ရွယ်ပြီး သီးသန့်ပစ်မှတ်ထား လုပ်ဆောင်ခဲ့သည်ဆိုသော်လည်း လက်တွေ့နယ်ပယ်တွင်မူ အခြေခံလုပ်သား ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်း ဆုံးရှုံးမှုနှင့် လူမှုစီးပွားနယ်ပယ်များတွင် ထိခိုက်မှုများရှိသည်ကို တွေ့ရှိရပါကြောင်း။

ချောင်းဆုံမဲဆန္ဒနယ်မှ ဦးလှမောင် (ခ) ဦးနိုင်လှမောင် ဆွေးနွေးစဉ်။ (သတင်းစဉ်)

သို့ဖြစ်ပါ၍ ဦးဌေးဦး၏ အဆိုအား ပြည်သူများ၏ ဆန္ဒနှင့်အညီ အလေးအနက် ထောက်ခံပါကြောင်း။

စီးပွားရေးပိတ်ဆို့မှုများသည် မမှန်ကန်သည့် သတင်းအချက်အလက်များ၊ ပကတိအခြေအနေမှန်များကို ဖုံးကွယ်ထားခြင်းများ၊ ၎င်းတို့အလိုကျ နိုင်ငံရေးပြောင်းလဲစေရေး ရည်ရွယ်ချက်များကို အခြေခံပြီး လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ကို သုံးသပ်မိပါကြောင်း၊ ပြည်တွင်း ပြည်ပ နိုင်ငံတကာ အသိုင်းအဝိုင်းများ၏ ဝေဖန်ဆွေးနွေးမှု၊ စာတမ်းပြုစုမှုနှင့် သတင်းဆောင်းပါးများကို ပြန်ပြီးလေ့လာသုံးသပ်ကြည့်လျှင် ၎င်းတို့၏ မှားယွင်းသည့် လုပ်ဆောင်မှုကို တွေ့ကြရမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံနှင့် ပြည်သူလူထု ကောင်းစားရေးကို ရှေ့တန်းမတင်နိုင်ဘဲ မိမိ၏ အတ္တနှင့်အဆိုးမြင် အယူဝါဒများဖြင့် စီးပွားရေးပိတ်ဆို့မှုကို ဆက်လက်ပြုလုပ်ရန် ထောက်ခံအားပေးမှုများ၊ သတင်းမှားပေးပို့နေမှုများသည် နိုင်ငံတော်နှင့် ပြည်သူလူထု၏ အကျိုးစီးပွားကို မလိုလားသူများ၏ အဖျက်လုပ်ရပ်သာ ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရေးအတွက် နိုင်ငံတော်နှင့် ပြည်သူများ၏ ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် ဖြစ်ပေါ်တိုးတက်မှု အခြေခံကောင်းများအား မျက်ကွယ်ပြု၍ သေးသိမ်မှေးမှိန်အောင် မမှန်သတင်းထုတ်ပြန်မှုအားလုံးအား ကန့်ကွက်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနှင့် လူ့အခွင့်အရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစဉ် (၇)ရပ်ချမှတ်ပြီး စနစ်တကျ ဆောင်ရွက်ခဲ့ရာ ယခုအခါ နောက်ဆုံးအဆင့် ပန်းတိုင်အဖြစ် ဒီမိုကရေစီနည်းကျ တင်မြှောက်ထားသည့် အစိုးရအဖွဲ့ထံ နိုင်ငံတော်၏ တာဝန်များ လွှဲပြောင်းပေးအပ်ရန် ပြည်ထောင်စုလွှတ်တော် ခေါ်ယူလုပ်ဆောင်နေပြီဖြစ်ပါကြောင်း။

ထို့ပြင် မြန်မာနိုင်ငံ၏ ပကတိဖြစ်ပေါ်တိုးတက်မှုကို အသိအမှတ်ပြုသော၊ အမှန်တရားကို လက်ခံသော၊ မြန်မာနိုင်ငံနှင့် ပြည်သူလူထု၏အကျိုးကို အပြုသဘောဆောင်၍ ပူးပေါင်းဆောင်ရွက်လိုသော အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနှင့် အခြားကမ္ဘာ့နိုင်ငံအသီးသီးနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံ၍ မိမိတိုင်းပြည်နှင့် ပြည်သူတစ်ရပ်လုံးအကျိုးစီးပွားအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိနေပါကြောင်း။

သို့ဖြစ်ပါ၍ ဦးဌေးဦး၏ အဆိုကို အလေးအနက် ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းက ရှင်းလင်းဆွေးနွေးရာတွင် အမေရိကန်အစိုးရသည် မြန်မာနိုင်ငံအပေါ် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအရေး အကြောင်းပြချက်များဖြင့် တရားဝင်ပိတ်ဆို့မှုများကို ၁၉၉၇ ခုနှစ်တွင် စတင်လုပ်ဆောင်ခဲ့ပါကြောင်း၊ ထိုစဉ်က ပိတ်ဆို့မှုပြဋ္ဌာန်းရာတွင် ၁၉၇၇ ခုနှစ် နိုင်ငံတကာအရေးပေါ် စီးပွားရေးအာဏာများဆိုင်ရာ အက်ဥပဒေ (The International Emergency Economic Powers Act of 1977-IEEPA)ကို အသုံးပြု၍ ပိတ်ဆို့ခဲ့ခြင်း ဖြစ်ပါကြောင်း။

IEEPA အရ အမေရိကန်နိုင်ငံ၏ အမျိုးသားလုံခြုံရေး၊ နိုင်ငံခြားရေးမူဝါဒနှင့် စီးပွားရေးကို ပုံမှန်မဟုတ်ဘဲ ထူးထူးကဲကဲ ခြိမ်းခြောက်မှုရှိသည်ဟု အမေရိကန်သမ္မတက ယုံကြည်ဆုံးဖြတ်ပါက အမျိုးသားအရေးပေါ် အခြေအနေတစ်ရပ်ကို ကြေညာပြီးလျှင် ထိုသို့ခြိမ်းခြောက်လာသည့် နိုင်ငံအပေါ် ပိတ်ဆို့မှုများပြုလုပ်နိုင်သည်ဟု ဆိုပါကြောင်း။

ယင်းဥပဒေနှင့်အညီ ၁၉၉၇ ခုနှစ် မေလမှစတင်၍ သမ္မတဘီလ်ကလင်တန်မှ အစပြုသည့် အမေရိကန် သမ္မတ အဆက်ဆက်သည် နှစ်စဉ် တစ်နှစ်တစ်ကြိမ် မေလသို့ရောက်တိုင်း အမျိုးသားအရေးပေါ် အခြေအနေကို ထုတ်ပြန်လျက် **မြန်မာနိုင်ငံ**

မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာပွင့်ဆန်း ဆွေးနွေးစဉ်။ (သတင်းစဉ်)

သည် အမေရိကန်နိုင်ငံ၏ အမျိုးသားလုံခြုံရေး၊ နိုင်ငံခြားရေးမူဝါဒနှင့် စီးပွားရေးကို ထူးထူးခြားခြား ထိခိုက်အောင် ခြိမ်းခြောက်နေပါသည်ဟုဆိုကာ ပိတ်ဆို့မှုများကို ဆက်လက်လုပ်ဆောင်နေခဲ့ရာ လက်ရှိသမ္မတ အိုဘားမား လက်ထက်အထိပင် ဖြစ်ပါကြောင်း။

ဤနေရာတွင် တင်ပြလိုသည်မှာ **မည်သူကမည်သူ၏ အမျိုးသားလုံခြုံရေး၊ နိုင်ငံရေးနှင့် စီးပွားရေးကို ထူးထူးခြားခြား ခြိမ်းခြောက်ခဲ့ပါသနည်း** ဆိုသည့် ကိစ္စဖြစ်ပါကြောင်း၊ သာမန်လူတို့၏ အမြင်ဖြင့်ပင် နှစ်နိုင်ငံအကြား အင်အားနှိုင်းယှဉ်ကြည့်ပါက လူဦးရေသန်း(၅၀)ကျော်သာရှိပြီး စီးပွားရေးအရလည်း ဖွံ့ဖြိုးမှုအနည်းဆုံးစာရင်း၌ ပါဝင်ဆဲဖြစ်သော မြန်မာနိုင်ငံသည် လူဦးရေသန်း (၃၀၀) ရှိပြီး ကမ္ဘာပေါ်တွင် စီးပွားရေးအင်အားအတောင့်တင်းဆုံး၊ စစ်ရေးအရလည်း ကမ္ဘာ့ကာကွယ်ရေး အသုံးစရိတ်စုစုပေါင်း၏ ထက်ဝက်ကို တစ်နိုင်ငံတည်း သုံးစွဲပိုင်ဆိုင်ထားသော မဟာအင်အားကြီး အမေရိကန်နိုင်ငံကို မည်သို့မျှ မခြိမ်းခြောက်နိုင်ကြောင်း လူတိုင်းသိရှိနိုင်သည့် ကိစ္စပင် ဖြစ်ပါကြောင်း။

စီးပွားရေး ပိတ်ဆို့မှုများသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ လူမှုအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ကြိုးပမ်းဆောင်ရွက်မှုများအပေါ် ထိရောက်စွာ ဟန့်တားနိုင်ခဲ့ခြင်းမရှိသော်လည်း သာမန်ပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေနိုင်သော စက်ရုံ၊ အလုပ်ရုံစီမံကိန်းကြီးအချို့အပေါ် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေခဲ့ပါကြောင်း။

၂၀၀၃ ခုနှစ်တွင် အမေရိကန်နိုင်ငံက Burmese Freedom and Democracy Act ဖြင့် မြန်မာနိုင်ငံမှ သွင်းကုန်များကို ပိတ်ဆို့ခဲ့မှုကြောင့် မြန်မာနိုင်ငံမှ အထည်ချုပ်စက်ရုံအများအပြား ပိတ်ခဲ့ရပါကြောင်း၊ ပိတ်ဆို့မှုမတိုင်မီက မြန်မာနိုင်ငံ၌ အထည်ချုပ်စက်ရုံပေါင်း (၃၀၀)ခန့်ရှိခဲ့ရာမှ ပိတ်ဆို့မှုဒဏ်ချက်ကြောင့် ၂၀၀၉ ခုနှစ်တွင် စက်ရုံ(၁၂၀)ခန့်သာကျန်ရှိရာ အထည်ချုပ်အလုပ်သမများ၊ အမျိုးသမီးငယ်များ သိန်းနှင့်ချီ၍ အလုပ်လက်မဲ့ဖြစ်ခဲ့ရပါကြောင်း၊ ယင်းတို့အနက် ၉၅ ရာခိုင်နှုန်းခန့်မှာ အသက် (၁၈)နှစ်မှ (၃၅)နှစ်ကြား အမျိုးသမီးများ ဖြစ်ကြပါကြောင်း၊ အမေရိကန်၏ ပိတ်ဆို့မှုကြောင့် အထည်ချုပ်လုပ်ငန်းသာမက ရေထွက်ပစ္စည်းလုပ်ငန်း၌လည်း ထိခိုက်မှုရှိခဲ့ပါကြောင်း၊ ၁၉၈၈ ခုနှစ်မှ ၂၀၀၃ ခုနှစ်အတွင်း မြန်မာနိုင်ငံမှ အမေရိကန်နိုင်ငံသို့ ရေထွက်ပစ္စည်းတင်ပို့ရာ၌ စတုတ္ထအများဆုံး အာရှနိုင်ငံဖြစ်ခဲ့ပြီး ပိတ်ဆို့မှုသာမရှိပါက ဒုတိယအများဆုံးနိုင်ငံ ဖြစ်လာရန်ရှိပါကြောင်း။

ထို့ပြင် မြန်မာနိုင်ငံသို့ ငွေကြေးလွှဲပြောင်းမှုအား ပိတ်ပင်ခဲ့မှုကြောင့် ငွေကြေး လွှဲပြောင်းပေးပို့မှုများကိုလည်း ထိခိုက်ခဲ့ရပါကြောင်း၊ ဘဏ္ဍာရေး၊ ငွေရေးကြေးရေးဝန်ဆောင်မှုများကို ပိတ်ပင်ခဲ့မှုကြောင့် စီးပွားရေးလုပ်ငန်းများ၊ အစိုးရဌာနများ၊ နိုင်ငံခြားသံရုံးများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကုန်သွယ်မှုလုပ်ရန်နှင့် ငွေလွှဲတင်ပို့ရန်အတွက် အမေရိကန်ငွေကြေးစနစ်ကို မှီခိုနေရသည့် လုပ်ငန်းများအားလုံး အကျပ်အတည်း ဖြစ်ခဲ့ရပါကြောင်း၊ အမေရိကန်ဒေါ်လာ ခရီးသွားချက်လက်မှတ် (US Traveller's Cheque) များ သုံး၍မရတော့သည့်အတွက် ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းများလည်း ထိခိုက်ခဲ့ရပါကြောင်း။

ကမ္ဘာ့ဘဏ်ကလည်း ၁၉၈၇ ခုနှစ်မှစပြီး မြန်မာနိုင်ငံကို ငွေထပ်မံထုတ်ချေးခြင်းမပြုတော့ဘဲ ရပ်ဆိုင်းခဲ့ပါကြောင်း၊ သို့သော် ၁၉၉၇ ခုနှစ် အရှေ့တောင်အာရှ ငွေကြေးအကျပ်အတည်းကာလ၌ ထိုင်း၊ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့ကို IMF၊ ကမ္ဘာ့ဘဏ်စသည့် ငွေကြေးအဖွဲ့အစည်းများက ထောက်ပံ့ငွေများ ပံ့ပိုးကူညီခဲ့ကြပါကြောင်း၊ မြန်မာနိုင်ငံကိုမူ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းဘေးကြီး ကြုံတွေ့စဉ်ကပင် တစ်ပြားတစ်ချပ်မျှ ကူညီထောက်ပံ့ချေးငှားခြင်း မပြုခဲ့ပါကြောင်း၊ အမေရိကန်နှင့် ဥရောပသမဂ္ဂတို့ကလည်း နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်းများမှ မြန်မာနိုင်ငံသို့ ငွေထုတ်ပေး ခြင်းမပြုရန် ၂၀၀၃ ခုနှစ်နှင့် ၂၀၀၄ ခုနှစ်တို့၌ တရားဝင်ပိတ်ဆို့ထားခဲ့ပါကြောင်း။

ချမ်းသာသောနိုင်ငံများက ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများသို့ပေးအပ်သည့် ODA (Official Development Assistance) ခေါ် တရားဝင်ဖွံ့ဖြိုးမှုအကူအညီသည်လည်း ၁၉၈၈ ခုနှစ်နောက်ပိုင်း၌ ရပ်ဆိုင်းသွားခဲ့ပါကြောင်း၊ ၂၀၀၈ ခုနှစ် စာရင်းဇယားများကို လေ့လာကြည့်ပါက တစ်ဦးကျ ODA ပမာဏတွင် လာအိုက (၄၈)ဒေါ်လာ၊ ကမ္ဘောဒီးယားက (၅၁ ဒသမ ၆)ဒေါ်လာ၊ ဗီယက်နမ်က (၄၃ ဒသမ ၅) ဒေါ်လာနှင့် သီရိလင်္ကာက ဒေါ်လာ (၅၀) ရရှိချိန်တွင် မြန်မာနိုင်ငံက (၁၀)ဒေါ်လာကျော် ခန့်သာရရှိသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တစ်နှစ်တစ်ဦးလျှင် (၄၅)ဒေါ်လာ နှုန်းရသင့်သည်ဟု တွက်ချက်ပါက မြန်မာလူဦးရေ သန်း(၅၀)အတွက် ODA အကူအညီမှာ တစ်နှစ်လျှင် ဒေါ်လာသန်းပေါင်း (၂၅၀၀)ခန့် ဆုံးရှုံးနေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ဤငွေပမာဏသည် မြန်မာနိုင်ငံမှ တစ်နှစ်စာ သဘာဝဓါတ်ငွေ့ ရောင်းရငွေနှင့် ညီမျှသလောက်ရှိပါကြောင်း၊ အကယ်၍ ၁၉၉၈ ခုနှစ်မှစ၍ မှန်မှန်ရရှိခဲ့ပါက နိုင်ငံဖွံ့ဖြိုးရေး၊ ပညာရေး ၊ ကျန်းမာရေးတို့အတွက်မည်မျှ အထောက်အကူ ဖြစ်မည်ဆိုသည်ကို တွက်ဆ၍ရနိုင်မည်ဖြစ်ပါကြောင်း။

စာမျက်နှာ ၁၀ ကော်လံ ၅ သို့

(၆၆)နှစ်မြောက် တပ်မတော်နေ့အကြို ဂုဏ်ပြုဆောင်းပါး

(၆၆)နှစ်မြောက် တပ်မတော်နေ့အကြို ဂုဏ်ပြုဆောင်းပါး
(၆၆)နှစ်မြောက် တပ်မတော်နေ့အကြို ဂုဏ်ပြုဆောင်းပါး
(၆၆)နှစ်မြောက်

အမျိုးသားရေးနှင့် တပ်မတော်

သီဟအောင်

နိုင်ငံရေးဟူသည် နိုင်ငံတိုင်း၌ရှိနေသည်။ ထို့အတူ နိုင်ငံနှင့် လူမျိုးတိုင်း၌ အမျိုးသားရေးဟူ၍ ရှိပေသည်။ နိုင်ငံရေးဆိုသည်နှင့် မတူကွဲပြားခြင်းများကို အခြေခံထားကြောင်း လူတိုင်းအသိပင် ဖြစ်သည်။ နိုင်ငံရေးအရ လှုပ်ရှားဆောင်ရွက်ကြရာတွင် မတူကွဲပြားခြင်းများကို အခြေခံထားရသော်လည်း ထိုနိုင်ငံရေးမှ တစ်ဆင့်တက်၍ အမျိုးသားရေးကို ရှေးရှုဆောင်ရွက်ရာတွင် မတူကွဲပြားခြင်းများကို ဘေးဖယ်ထားအပ်ပေသည်။ မတူကွဲပြားခြင်းများကြားမှာ ညီညွတ်ရေးကို တည်ဆောက်ခြင်းသည် အမျိုးသားရေးပင်ဖြစ်သည်။ မတူကွဲပြားခြင်းများကြားမှ တညီတညွတ်တည်း ပူးပေါင်းဆောင်ရွက်ခြင်းသည် အမျိုးသားနိုင်ငံရေးပင် ဖြစ်တော့သည်။

ယနေ့ထက်တိုင် မြန်မာနိုင်ငံ၌ တပ်မတော်က အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍမှ ရှေ့ဆောင်ရှေ့ရွက်ပြုနိုင်ခြင်း၏ အကြောင်းရင်းတစ်ရပ်မှာ တပ်မတော်က အမျိုးသားရေးကို ထာဝစဉ် သစ္စာစောင့်သိနေ၍ ဖြစ်သည်။ ထို့ကြောင့်ပင် ''တပ်မတော်သည် အမျိုးသားရေးကို ဘယ်တော့မှ သစ္စာမဖောက်''ဟု ခိုင်ခိုင်မတ်မတ် ဟစ်ကြွေးနိုင်ခြင်းပင် ဖြစ်သည်။

မြန်မာနိုင်ငံသည် ကိုလိုနီနယ်ချဲ့လက်အောက်သို့ နှစ်ပေါင်း (၁၀၀)ကျော်မျှ ကျရောက်ခဲ့ရသည်။ နယ်ချဲ့တို့က မြန်မာနိုင်ငံ ကျွန်သက်ရှည်စေရန်အတွက် ပညာသားပါပါ ဖိနှိပ်အုပ်ချုပ်ခဲ့ကြသည်။ သို့ရာတွင် အမျိုးဘာသာ သာသနာကို အလေးထားသော မြန်မာတိုင်းရင်းသားတို့သည် မျိုးချစ်စိတ်ဓာတ်ပြင်းပြထက်သန်စွာဖြင့် နယ်ချဲ့လက်အောက်မှ လွတ်မြောက်အောင် လှုပ်ရှားကြိုးပမ်းခဲ့ကြသည်။ ဤသို့ဖြင့် အမျိုးသားရေးကို အခြေခံသော နိုင်ငံရေးလှုပ်ရှားမှုများ နိုးကြားတက်ကြွလာခဲ့သည်။

မြန်မာ့နိုင်ငံရေးလှုပ်ရှားမှုကို ခေတ်ပညာတတ်လူငယ်များက ဦးဆောင်ခဲ့ကြသည်။ ထိုခေတ်က ကျွန်သက်ရှည်စေရန် နယ်ချဲ့တို့ပေးခဲ့သော ကျွန်ပညာရေးကြောင့် ဗြိတိသျှအင်ပါယာကို သစ္စာခံသော နယ်ချဲ့ပဋ္ဌိညာဉ်ခံအမှုထမ်းများ ပေါ်ပေါက်ခဲ့သည့်နည်းတူ အမျိုးသားပညာရေး လှုပ်ရှားမှုများကြောင့် အမျိုးသားရေးကို ဦးထိပ်ပန်သော နိုင်ငံရေးသမား ခေတ်ပညာတတ်လူငယ်များလည်း ပေါ်ထွန်းလာခဲ့ကြသည်။ ဆိုရလျှင် ကျွန်စိတ်မကုန်သူများ၊ နယ်ချဲ့ကို အထင်ကြီး အားကျသူများကြားမှ ဒေါင်ဒေါင်မြည် မျိုးချစ်နိုင်ငံရေးသမားများ၏ ဦးဆောင်မှုဖြင့် အမျိုးသားတပ်မတော်ကြီးကို အဆင့်ဆင့် ဖွဲ့စည်းထူထောင်လာနိုင်ခဲ့ခြင်း ဖြစ်သည်။

နယ်ချဲ့လက်အောက်ကျရောက်ချိန်မှစ၍ ကိုယ်ပိုင်တပ်မတော်ဟူ၍မရှိခဲ့သော မြန်မာနိုင်ငံသည် အမျိုးသားတပ်မတော်ကြီး ပေါ်ထွန်းလာသည်နှင့် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တိုက်ဖျက်ရေး၊ အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲစဉ်ကြီးကို စွမ်းစွမ်းတမံဆင်နွှဲလာနိုင်ခဲ့သည်။ သမိုင်းကိုလေ့လာလျှင် အမျိုးသားတပ်မတော်ကြီးအစ ဗမာ့လွတ်မြောက်ရေးတပ်မတော် (BIA) ဖွဲ့စည်းနိုင်ရန် စစ်ပညာသင်ယူလေ့ကျင့်နေချိန်မှာပင် ရဲဘော်သုံးကျိပ်ဟု အမည်တွင်သည့် နိုင်ငံရေးသမားလူငယ်များအတွင်း နိုင်ငံရေးအုပ်စု အချင်းချင်းညီညွတ်ရေးကို အမျိုးသားရေးစိတ်ဓာတ်ဖြင့်တည်ဆောက်နိုင်ခဲ့ကြောင်း တွေ့ရှိနိုင်ပေသည်။

တပ်မတော်သည် တစ်မျိုးသားလုံး နယ်ချဲ့လက်အောက်မှ လွတ်မြောက်ရေးဟူသည့် အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်၏ ကျောရိုး မဏ္ဍိုင်ကြီးသဖွယ် ဖြစ်တည်လာခဲ့သည်။ ယခင်က နိုင်ငံရေးအဖွဲ့အစည်းအသီးသီး၏ မတူခြားနားမှုများကြောင့် တကွဲတပြားစီလိုဖြစ်နေခဲ့သော ပြည်သူလူထုကြီးသည်လည်း တပ်မတော်ကို ကျောထောက်နောက်ခံပြု၍ စည်းလုံးညီညွတ်လာခဲ့ပေသည်။ ထိုအချိန်တွင် ပြည်ပမှ တင်သွင်းလာသော အယူဝါဒများကို ခံယူကျင့်သုံးရာ၌ မတူညီခဲ့ကြသည့် ကွန်မြူနစ်ပါတီနှင့် ပြည်သူ့အရေးတော်ပုံပါတီ၊ အခြားအကွဲကွဲအပြားပြားဖြစ်နေသော ပါတီငယ်လေးများကို တပ်မတော်က ဦးဆောင်ပြီး ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် (ဖတပလ) ဟူ၍ တစုတစည်းတည်း ဖွဲ့စည်းတည်ထောင်ပေးနိုင်ခဲ့သည်။ ယင်းသို့ ပါတီအသီးသီးသည် ပါတီနိုင်ငံရေးကို ပဓာနမထားဘဲ ဖက်ဆစ်တော်လှန်ရေးဟူသည့် အမျိုးသားနိုင်ငံရေးကို အဓိကထားဆောင်ရွက်ခဲ့ခြင်းကြောင့် ဖက်ဆစ်တော်လှန်ရေးကို အောင်မြင်စွာ ဆင်နွှဲနိုင်ခဲ့ပေသည်။

ဖက်ဆစ်တို့ မြန်မာနိုင်ငံမှ အရေးနိမ့်ဆုတ်ခွာသွားပြီးနောက် နယ်ချဲ့အစိုးရ ပြန်လည်ဝင်ရောက်လာသောအခါ ပါတီအချို့တွင် အမျိုးသားရေး မေးမှိန်ပျောက်ကွယ်ပြီး နိုင်ငံရေး ဂိုဏ်းဂဏဝါဒများကို ရှေ့တန်းတင် ဆောင်ရွက်လာကြောင်း တွေ့ရှိရပြန်သည်။ ဖက်ဆစ်တော်လှန်ရေးကာလတွင် တပ်မတော်က အမျိုးသားနိုင်ငံရေးကို ဦးဆောင်ခဲ့သော်လည်း နိုင်ငံရေးသမားများကို အလေးထားဦးစားပေးခဲ့သည်။ စစ်ရေးကဏ္ဍကို တပ်မတော်က ဦးဆောင်ပြီး နိုင်ငံရေးကဏ္ဍကို နိုင်ငံရေးသမားများက ဦးဆောင်သည်ဟုပင် အမွှမ်းတင်ပေးခဲ့သည်။

သို့ရာတွင် အချို့သောနိုင်ငံရေးသမားများက တပ်မတော်၏ စေတနာကို အလွဲသုံးစားလုပ်ခဲ့ကြသည်။ ပါတီနိုင်ငံရေး၊ အာဏာ

> မြန်မာတို့သည် အမျိုးဘာသာ၊ သာသနာက…
> ထားကြသည်။ အမျိုးသားရေးနှင့်ကြုံလျှင် လက်…
> မနေတတ်ကြ။ အမျိုးသားရေး အန္တရာယ်ရန်စွယ်…
> လျှင် ရရာလက်နက်စွဲကိုင်ပြီး တွန်းလှန်တိုက်…
> ကြသည်။ တပ်မတော်သည် ပေါ်ပေါက်လာက…
> အမျိုးသားနိုင်ငံရေးကို အခြေခံသည်။ မျိုးချစ်စိတ်…
> ပြုထားသည်။ သမိုင်းတစ်လျှောက်လုံးတွင် တ…
> သည် အမျိုးသားရေးသစ္စာကို စောင့်သိ ရှိ…
> ပညာပြည့်ဝနှလုံးလှစွာ တာဝန်ထမ်းဆောင်ခဲ့ကြ…

နိုင်ငံရေးကို ရှေ့တန်းတင်ပြီး တပ်မတော်၏ အခန်းကဏ္ဍကို သာမက မျိုးချစ်ဗမာ့တပ်မတော် တစ်ရပ်လုံးကိုပင် ပျက်သုဉ်းသွားစေရန် နယ်ချဲ့သမားများနှင့် ပူးပေါင်းလုပ်ကြံခဲ့ကြသည်။ တပ်မတော်မရှိမှ မြန်မာနိုင်ငံကို ၄င်းတို့ စိတ်ကြိုက်ခြယ်လှယ်နိုင်မည်ဟု ခံယူထားသော နယ်ချဲ့အစိုးရကလည်း ထိုသို့လက်ခံဆောင်ရွက်ရန် ကြံစည်ခဲ့ကြသေးသည်။ သို့သော် ပြည်သူလူထုကမူ အဆိုပါလက်ဝဲလက်ယာ နိုင်ငံရေးအချောင်သမားများ၏ လုပ်ရပ်ကို လုံးဝလက်မခံဘဲ တစ်ခဲနက် ဆန့်ကျင်ရှုတ်ချခဲ့ကြပြီး နေသူရိန်အစည်းအဝေးကြီးတွင် တပ်မတော်ဆက်လက်ရပ်တည်နိုင်ရေးအတွက် အဆိုပြု ထောက်ခံခဲ့ကြသည်။

မြန်မာ့သမိုင်း၏ တောင်းဆိုမှုကြောင့် တပ်မတော်သည် ဆက်လက် ရပ်တည်နိုင်ခွင့်ရှိခဲ့သော်လည်း ဖက်ဆစ်တော်လှန်ရေး ကာလကရှိခဲ့သည့် မျိုးချစ်ဗမာ့တပ်မတော…
မပျက် ဖွဲ့စည်းတည်ထောင်ခွင့်ရခဲ့သည်…
တပ်မတော်၏ တစ်စိတ်တစ်ပိုင်းကိုသာ…
ထားသည့် Burma Army လက်အော…
အချို့နှင့် ပူးပေါင်းဖွဲ့စည်းခွင့်ကို နယ်ချဲ့က…
BIA မှသည် မျိုးချစ်ဗမာ့တပ်မတော် (…
ကြိုးပမ်း တာဝန်ထမ်းဆောင်ခဲ့ကြပြီး တပ်…
ရဲဘော်ဟောင်းများကို အစုစည်းမပျက်ဘဲ…
အင်အားအဖြစ် တည်ရှိနေစေရန်အတွက်…
ဟူ၍ ဖွဲ့စည်းထူထောင်ထားရှိခဲ့ရသည်။

စစ်ရေးဟူသည် နိုင်ငံရေး၏အဆက်…
မြန်မာ့လွတ်လပ်ရေးကို နိုင်ငံရေးနည်းအ…
ရန်အတွက် တပ်မတော်ခေါင်းဆောင်အ…
တာဝန်များကိုစွန့်လွှတ်ပြီး နိုင်ငံရေးလှုပ်ရှား…
ပြုခဲ့သည်။ ဖက်ဆစ်တော်လှန်ရေးအတွ…
သော ဖတပလအဖွဲ့ချုပ်ကို မြန်မာ့လွတ်လပ်…
ဆောင်ရွက်ရန် ဖဆပလအဖွဲ့ချုပ်ဟု…
ဖဆပလအဖွဲ့ချုပ်သည် အမျိုးသားနိုင်ငံ…
ပြည်သူလူထုကို ဦးဆောင်ပြီး ကျစ်လ…
ဆောင်ရွက်ရန်ဖြစ်သော်လည်း အဖွဲ့ချုပ်အ…
နှစ်ခြမ်းကွဲထွက်သွားခဲ့ပြီး ကျန်တစ်ခြမ်းကို…
မှ ထုတ်ပယ်ပစ်ရသည့် အခြေအနေသို့…

ယင်းသို့သော နိုင်ငံရေးပါတီများ၏…
တိုင်းရင်းသားပြည်သူများ၏ စည်းလုံးညီ…
၏ ကျောထောက်နောက်ခံရှိမှုများကို…
ထံမှ မြန်မာ့လွတ်လပ်ရေးကို ပြန်လည်…
ဆောင်ရွက်ခဲ့ရသည်။ လွတ်လပ်ရေးရရှိ…
ပြန်လည်ထူထောင်ရေးကို အမျိုးသားရေ…
ပူးပေါင်းလုပ်ဆောင်ကြရမည်ဖြစ်သော်လည်…
ဖြင့် အုပ်ချုပ်ရမည့်အချိန်ကာလမျိုးကျမှ…
ပါတီများက ဇာတိပြလာခဲ့ကြပြန်သည်…
မြန်မာနိုင်ငံသည် အုပ်ချုပ်ရေးအရ လွတ်…
လည်း နိုင်ငံရေးအရ ပြည်ပနောက်မြီးဆွဲ…
မြောက်နိုင်ခဲ့ပေ။ ပါလီမန် ဒီမိုကရေစီ…
ကာလမှပင် လက်နက်ကိုင်တောခိုပြီး…
တစ်စခန်းထခဲ့ကြသည်။

အလံဖြူ ကွန်မြူနစ်၊ အလံနီက…
သောင်းကျန်းကြသည်။ အရန်အင်အားအ…
ပြည်သူ့ရဲဘော်အဖွဲ့လည်း အမျိုးသားနိ…
မေးမှိန်သွားပြီး အယူအဆဝါဒရေးရာနော…
ရဲဘော်ဝါဟူ၍ ကွဲခဲ့ကြသည်။ ရဲဘေ…
သောင်းကျန်းခဲ့ကြသည်။ တစ်နွယ်ငင်တ…
နယ်ချဲ့တို့ ဆင်ထားသည့် အကွက်အတိုင်…

> **ယနေ့မြန်မာနိုင်ငံ၌ စစ်ရေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေး အတွေ့အကြုံအများဆုံးရှိပြီး ယနေ့ထက်တိုင် မပြိုမကွဲ မယိုင်လဲဘဲ ကျစ်လျစ်သိပ်သည်း စည်းကမ်းတကျဖြင့် အစဉ်လေ့လာသင်ယူတိုးတက်နေသော အဖွဲ့အစည်းမှာ တပ်မတော်သာလျှင်ဖြစ်သည်။ တပ်မတော်ထဲသို့ ခေတ်ပညာတတ် မျိုးချစ်လူငယ်များ ဝင်ရောက်အမှုထမ်းခဲ့ကြသည်မှာ ၁၉၄၁-၄၂ ကာလမှသည် ယနေ့ထက်တိုင်ဖြစ်သည်။ တပ်မတော်သားဘဝသို့ ရောက်ရှိကြသူများသည် အခြေခံစစ်ပညာ၊ ခေတ်ပညာမှသည် မဟာဝိဇ္ဇာ၊ ပါရဂူဘွဲ့များထိတိုင် အဆင့်ဆင့်တိုးမြှင့် သင်ယူလေ့ကျင့်ခွင့်ရခဲ့ကြသည်။**

ကာလကရှိခဲ့သည့် မျိုးချစ်ဗမာ့တပ်မတော်အတိုင်း အလုံးအရပ်မပျက် ဖွဲ့စည်းတည်ထောင်ခွင့်ရခဲ့သည်မဟုတ်ပေ။ မျိုးချစ်ဗမာ့တပ်မတော်၏ တစ်စိတ်တစ်ပိုင်းကိုသာ ယခင် ၎င်းတို့ဖွဲ့စည်းထားသည့် Burma Army လက်အောက်ခံ တပ်ရင်းတပ်ဖွဲ့အချို့နှင့် ပူးပေါင်းဖွဲ့စည်းခွင့်ကို နယ်ချဲ့က ခွင့်ပြုခဲ့ခြင်းဖြစ်သည်။ BIA မှသည် မျိုးချစ်ဗမာ့တပ်မတော် (PBF) အထိ သက်စွန့်ကြိုးပမ်း တာဝန်ထမ်းဆောင်ခဲ့ကြပြီး တပ်မှနုတ်ထွက်ခဲ့ကြရသော ရဲဘော်ဟောင်းများကို အစုစည်းမပျက်ဘဲ နိုင်ငံရေး/စစ်ရေးအရန်အင်အားအဖြစ် တည်ရှိနေစေရန်အတွက် ပြည်သူ့ရဲဘော်တပ်ဖွဲ့ဟူ၍ ဖွဲ့စည်းထူထောင်ထားရှိခဲ့ရသည်။

စစ်ရေးဟူသည် နိုင်ငံရေး၏အဆက်ဟု အဆိုရှိပေသည်။ မြန်မာ့လွတ်လပ်ရေးကို နိုင်ငံရေးနည်းအရ တောင်းဆိုတိုက်ပွဲဝင်

...ျိုးဘာသာ၊ သာသနာကို ဦးထိပ်
...ံးရေးနှင့်ကြုံလျှင် လက်ပိုက်ကြည့်
...ံးရေး အန္တရာယ်ရန်စွယ် ပေါ်လာ
...ိုင်ပြီး တွန်းလှန်တိုက်ခိုက်လေ့ရှိ
...ည် ပေါ်ပေါက်လာကတည်းက
...ခြေခံသည်။ မျိုးချစ်စိတ်ကို မဏ္ဍိုင်
...စ်လျှောက်လုံးတွင် တပ်မတော်
...စ္စာကို စောင့်သိ ရှိသေစွာဖြင့်
...ာဝန်ထမ်းဆောင်ခဲ့ကြသည်။

ရန်အတွက် တပ်မတော်ခေါင်းဆောင်အချို့သည် တပ်မတော်တာဝန်များကို စွန့်လွှတ်ပြီး နိုင်ငံရေးလှုပ်ရှားမှုများကို ဦးဆောင်ဦးရွက်ပြုခဲ့သည်။ ဖက်ဆစ်တော်လှန်ရေးအတွက် ရည်ရွယ်ဖွဲ့စည်းခဲ့သော ဖတပလအဖွဲ့ချုပ်ကို မြန်မာ့လွတ်လပ်ရေးအတွက် ဆက်လက်ဆောင်ရွက်ရန် ဖဆပလအဖွဲ့ချုပ်ဟု အမည်ပြောင်းခဲ့သည်။ ဖဆပလအဖွဲ့ချုပ်သည် အမျိုးသားနိုင်ငံရေး အင်အားစုအဖြစ် ပြည်သူလူထုကို ဦးဆောင်ပြီး ကျစ်လျစ်ခိုင်မာစွာ လှုပ်ရှားဆောင်ရွက်ရန်ဖြစ်သော်လည်း အဖွဲ့ချုပ်အတွင်းမှ ကွန်မြူနစ်ပါတီနှစ်ခြမ်းကွဲထွက်သွားခဲ့ပြီး ကျန်တစ်ခြမ်းကိုလည်း ဖဆပလအဖွဲ့ချုပ်မှ ထုတ်ပယ်ပစ်ရသည့် အခြေအနေသို့ ဆိုက်ရောက်ခဲ့သည်။

ယင်းသို့သော နိုင်ငံရေးပါတီများ၏ မတူကွဲပြားမှုကြားမှပင် တိုင်းရင်းသားပြည်သူများ၏ စည်းလုံးညီညွတ်မှု၊ တပ်မတော်၏ ကျောထောက်နောက်ခံရှိမှုများကို မဏ္ဍိုင်ပြုပြီး နယ်ချဲ့တို့ထံမှ မြန်မာ့လွတ်လပ်ရေးကို ပြန်လည်ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ရသည်။ လွတ်လပ်ရေးရရှိပြီးနောက် တိုင်းပြည်ပြန်လည်ထူထောင်ရေးကို အမျိုးသားရေး ဦးတည်ချက်အဖြစ် ပူးပေါင်းလုပ်ဆောင်ကြရမည်ဖြစ်သော်လည်း ကိုယ့်မင်းကိုယ့်ချင်းဖြင့် အုပ်ချုပ်ရမည့်အချိန်ကာလမျိုးကျမှ အချို့သော နိုင်ငံရေးပါတီများက ဇာတိပြလာခဲ့ကြပြန်သည်။ ထိုအချိန်ကဆိုရလျှင် မြန်မာနိုင်ငံသည် အုပ်ချုပ်ရေးအရ လွတ်လပ်ရေးရခဲ့သည်ဆိုသော်လည်း နိုင်ငံရေးအရ ပြည်ပနောက်မြီးဆွဲဝါဒအောက်မှ မလွတ်မြောက်နိုင်ခဲ့ပေ။ ပါလီမန် ဒီမိုကရေစီစနစ်ကို ကျင့်သုံးနေဆဲကာလမှပင် လက်နက်ကိုင်တောခိုပြီး ဆူပူသောင်းကျန်းမှုများ တစ်စခန်းထခဲ့ကြသည်။

အလံဖြူ ကွန်မြူနစ်၊ အလံနီကွန်မြူနစ်ဟူ၍ တောခိုသောင်းကျန်းကြသည်။ အရန်အင်အားအဖြစ် ဖွဲ့စည်းထားသော ပြည်သူ့ရဲဘော်အဖွဲ့လည်း အမျိုးသားနိုင်ငံရေးအသိအမြင်များ မှေးမှိန်သွားပြီး အယူအဆဝါဒရေးရာနောက်လိုက်ကာ ရဲဘော်ဖြူ၊ ရဲဘော်ဝါဟူ၍ ကွဲခဲ့ကြသည်။ ရဲဘော်ဖြူများက တောခိုသောင်းကျန်းခဲ့ကြသည်။ တစ်နွယ်ငင်တစ်စင်ပါ ဆိုသကဲ့သို့ပင် နယ်ချဲ့တို့ ဆင်ထားသည့် အကွက်အတိုင်း KNDO၊ MNDO

[illegible]

* ခြောက်ဆယ့်ခြောက်နှစ်
ပြည့်မြောက်ခဲ့ပြီ၊ သမိုင်းဆီမှ
တိုင်းပြည်မညစ်၊ နွံမနစ်အောင်
မျိုးချစ်ပြည့်အား၊ တပ်မတော်သားတို့
နီးကြားထက်မြက်၊ စွမ်းဆောင်ချက်ဖြင့်
ဖက်ဆစ်တို့ရန်၊ တွန်းတော်လှန်စို့
နိုင်ငံအတွက်၊ စစ်ချီတက်ခဲ့
ရက်မြတ်ဂုဏ်အင်၊ မော်ကွန်းတင်သည်
အစဉ်မမေ့၊ တပ်မတော်နေ့။

* သြော်…တပ်မတော်နေ့၊ အစဉ်မမေ့သည့်
နေ့ထူးချိန်သည်၊ ရောက်ခဲ့ပြီတည့်
စစ်သည်ထောင်သောင်း၊ တူညီပေါင်းကာ
စစ်ကြောင်းစုံညီ၊ အားမာန်ချီ၍
ညီညာဖြိုဖြို၊ စစ်ရေးပြကာ
ထည်ဝါခမ်းနား၊ ဝင့်ဝင့်ကြွားလျက်
ပြည့်အားတွေဖြစ်၊ မြန်ပြည်သစ်၏
မျိုးချစ်ပြည့်သား၊ စစ်သည်များလျှင်
အားရဂုဏ်ယူဖွယ်ပါတကား။ ။

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုလျက်–

နန်းမွန်ဟိန်း

တို့ကလည်း အကြမ်းဖက်သောင်းကျန်းလာကြပြန်သည်။ ရှင်နည်းရာ အဂ္ဂလူထွက် ဆိုသကဲ့သို့ တပ်မတော်အတွင်းမှ ပုံထွက်သွားသော အင်အားစုများလည်းရှိခဲ့သည်။ ဖဆပလအစိုးရမှာ ရန်ကုန်အစိုးရဟု လှောင်ပြောင်အခေါ်ခံရသည်အထိ အာဏာစက်ကင်းမဲ့နေခဲ့သည်။ ထိုကာလမျိုးတွင် တပ်မတော်သာပြိုကွဲလျှင် တစ်နိုင်ငံလုံးပြိုကွဲသွားမည်ဖြစ်သည်။ တပ်မတော်သာ နိုင်ငံနှင့်လူမျိုးအပေါ် သစ္စာမစောင့်သိလျှင် နိုင်ငံ့ရေးရေးမှာ တွေးဆနိုင်ဖို့ပင် မလွယ်ပေ။

တပ်မတော်သည် ရှိစုမဲ့စုအင်အားဖြင့် ရန်ကုန်မြို့ကို ဝိုင်းရံထားသော သောင်းကျန်းသူများကို တွန်းလှန်ချေမှုန်းခဲ့ရသည်။ ပြည်သူလူထုကလည်း ဤအရေးတွင်သွေးအေးမနေဘဲ တပ်မတော်အား နွေးထွေးတက်ကြွစွာ အဘက်ဘက်မှ ဝိုင်းဝန်းကူညီခဲ့ကြသည်။ တစ်ဖန် ၁၉၅၀ ပြည့်နှစ်ပိုင်းမှ အစပြု၍ မြန်မာပြည်တွင်းသို့ ကျူးကျော်ဝင်ရောက်လာသော ကူမင်တန် တရုတ်ဖြူသောင်းကျန်းသူများကို စစ်မျက်နှာဖွင့်၍ တွန်းလှန်တိုက်ထုတ်ခဲ့ရပြန်သည်။ တစ်ဖက်မှလည်း ပြည်တွင်း၌ ထကြွသောင်းကျန်းနေသော ရောင်စုံသောင်းကျန်းသူများကို စစ်ဆင်ရေးပြီးစစ်ဆင်ရေးဟူ၍ ပြောရမတတ် တိုက်ခိုက်ချေမှုန်းခဲ့ရသည်။ ပြည်တွင်းပြည်ပသောင်းကျန်းသူမျိုးစုံတို့၏ လက်နက်ကိုင်အကြမ်းဖက်မှုအောက်တွင် အသက်ကိုဖက်နှင့်ထုပ်ထားသည့်ပမာ နေလာခဲ့ရသော တိုင်းရင်းသားပြည်သူတို့မှာ တပ်မတော်၏ စစ်ဆင်ရေးအောင်မြင်မှုများကြောင့် ဂုဏ်ယူအားတက်ခဲ့ကြသည်။ ကျီးလန့်စာစားဘဝမှ လွတ်မြောက်ခဲ့ကြရသည်။ တပ်မတော်မှာ ပျိုတိုင်းကြိုက်သည့် နှင်းဆီခိုင်ပမာဖြစ်ခဲ့သည်။ မြန်မာနိုင်ငံတွင် စစ်မှုမထမ်းမနေရ ဥပဒေပြဌာန်းမထားသော်လည်း မျိုးချစ်လူငယ်လူရွယ်တိုင်းလိုလို တပ်ထဲဝင်ခဲ့ကြသည်။ စစ်မှုထမ်းခဲ့ကြသည်။ ထိုအထဲတွင် ခေတ်ပညာတတ်များလည်းပါဝင်သည်။ အချို့မှာ ပညာတစ်ပိုင်းတစ်စဖြင့် အစိုးရ အမှုထမ်းဝင်လုပ်ရင်းမှ တပ်မတော်ထဲဝင်ကြသည်။ အချို့လည်း အထက်တန်းကျောင်းသား၊ တက္ကသိုလ်ကျောင်းသားဘဝမှာပင် တပ်မတော်ထဲဝင်ရောက်အမှုထမ်းကြသည်။

ထိုကာလများ၌ တပ်မတော်အင်အားရှိအောင် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးသကဲ့သို့ တပ်မတော်ကလည်း ခေတ်မီ အင်အားတောင့်တင်းသော တပ်မတော်ဖြစ်အောင် ကိုယ့်ကိုယ်ကို တည်ဆောက်ပျိုးထောင်

(၆၆)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

၁။ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍတွင် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲ၍ တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး။

၃။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်းပြည်ပ အဖျက်သမားများအား တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ ဒွိတာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

မြှင့်တင်ခဲ့သည်။ တပ်မတော်သားတိုင်းအား မိမိ၏လက်ရှိအဆင့်ထက်နှစ်ဆင့်မြင့်သော တာဝန်ကို တိုးမြှင့်ထမ်းဆောင်နိုင်သော အရည်အချင်းနှင့်အရည်အသွေးရှိအောင် အမြဲပျိုးထောင်ပေးထားသည်။ တစ်ဖက်မှ ယင်းကဲ့သို့ လေ့ကျင့်ရေးတာဝန်များကို ထိရောက်စွာထမ်းဆောင်ရင်း အခြားတစ်ဖက်မှလည်း မြန်မာနိုင်ငံ၏ ပြည်တွင်းသောင်းကျန်းမှုအခြေအနေအရ တပ်မတော်မှ ဆင်နွှဲခဲ့ရသော စစ်ဆင်ရေးနှင့်တိုက်ပွဲများမှာ ပြောမဆုံးပေါင် တောသုံးထောင်သဖွယ်ဖြစ်ခဲ့သည်။ ယင်းသို့ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စဉ်ဆက်မပြတ် ရှုပ်ရှုပ်ချုံချုံ စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ရသောကြောင့် တပ်မတော်၏စစ်ရေးစွမ်းရည်မှာ မြင့်မားတိုးတက်လာခဲ့ပေသည်။

အခြားတစ်ဖက်မှလည်း ၁၉၅၈ ခုနှစ်၌ မြန်မာ့နိုင်ငံရေးသမိုင်း၏ လိုအပ်ချက်အရ တပ်မတော်က အိမ်စောင့်အစိုးရတာဝန်ထမ်းဆောင်ခဲ့ရခြင်း၊ ၁၉၆၂ ခုနှစ်၌ ပြည်ထောင်စုပြိုကွဲမည့်အရေးကို ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေက မကာကွယ်မတားဆီးနိုင်တော့သဖြင့် တပ်မတော်က နိုင်ငံတော်အာဏာကို တာဝန်ယူထိန်းသိမ်းခဲ့ရခြင်း၊ ၁၉၇၄ ခုနှစ်မှစတင်သည့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တွင် ပြည်သူ့တပ်မတော်အသွင်ဖြင့် တာဝန်ထမ်းဆောင်ခဲ့ရခြင်း၊ ၁၉၈၈ ခုနှစ် အရေးအခင်းကြောင့် တပ်မတော်က နိုင်ငံ့တာဝန်ယူပြီး ဒီမိုကရေစီ အသွင်ကူးပြောင်းမှုနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုလုပ်ငန်းစဉ်များ တာဝန်ယူဆောင်ရွက်ပေးခဲ့ရခြင်း စသည့်လုပ်ငန်းတာဝန်များကြောင့် တပ်မတော်သည် စစ်ရေးစွမ်းရည်သာမက နိုင်ငံရေးစွမ်းရည်နှင့် အုပ်ချုပ်ရေးစွမ်းရည်တို့ကိုပါ သင်ယူတတ်မြောက်ခဲ့ရပေသည်။ တပ်မတော်သည် သမိုင်း၏ လိုအပ်ချက်အရ နိုင်ငံရေး၊ အုပ်ချုပ်ရေး တာဝန်များကိုပါ ပူးတွဲထမ်းဆောင်လာရသဖြင့် နိုင်ငံနှင့်လူမျိုးအတွက် အမျိုးသားရေးလိုအပ်ချက်ကို ပိုမိုပီပြင်စွာ သိရှိနားလည်သဘောပေါက်လာခဲ့သည်။ နိုင်ငံတကာဆက်ဆံရေး အတွေ့အကြုံများအရလည်း ကမ္ဘာ့နိုင်ငံတိုင်းသည် မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကိုသာ ဦးစားပေးအလေးထားပြီး နိုင်ငံတကာဆက်ဆံရေးကို အဆင်ပြေချောမွေ့အောင်သာ ကျင့်သုံးနေကြောင်း သိရှိနားလည်လာခဲ့သည်။

ယနေ့မြန်မာနိုင်ငံ၌ စစ်ရေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေး အတွေ့အကြုံအများဆုံးရှိပြီး ယနေ့ထက်တိုင် မပြိုမကွဲ မယိုင်လဲဘဲ ကျစ်လျစ်သိပ်သည်း စည်းကမ်းတကျဖြင့် အစဉ်လေ့လာသင်ယူတိုးတက်နေသော အဖွဲ့အစည်းမှာ တပ်မတော်သာလျှင်ဖြစ်သည်။ တပ်မတော်ထဲသို့ ခေတ်ပညာတတ် မျိုးချစ်လူငယ်များ ဝင်ရောက်အမှုထမ်းခဲ့ကြသည်မှာ ၁၉၄၁-၄၂ ကာလမှသည် ယနေ့ထက်တိုင်ဖြစ်သည်။ တပ်မတော်သားဘဝသို့ ရောက်ရှိကြသူများသည် အခြေခံစစ်ပညာ၊ ခေတ်ပညာမှသည် မဟာဝိဇ္ဇာ၊ ပါရဂူဘွဲ့များထိတိုင် အဆင့်ဆင့်တိုးမြှင့်သင်ယူလေ့ကျင့်ခွင့်ရခဲ့ကြသည်။

မြန်မာတို့သည် အမျိုးဘာသာ၊ သာသနာကို ဦးထိပ်ထားကြသည်။ အမျိုးသားရေးနှင့်ကြုံလျှင် လက်ပိုက်ကြည့်မနေတတ်ကြ။ အမျိုးသားရေး အန္တရာယ်ရန်စွယ်ပေါ်လာလျှင် ရရာလက်နက်စွဲကိုင်ပြီး တွန်းလှန်တိုက်ခိုက်လေ့ရှိကြသည်။ တပ်မတော်သည် ပေါ်ပေါက်လာကတည်းက အမျိုးသားနိုင်ငံရေးကို အခြေခံသည်။ မျိုးချစ်စိတ်ကို မဏ္ဍိုင်ပြုထားသည်။ သမိုင်းတစ်လျှောက်လုံးတွင် တပ်မတော်သည်အမျိုးသားရေးသစ္စာကို စောင့်သိရိုသေစွာဖြင့် ပညာပြည့်ဝနှလုံးလှစွာ တာဝန်ထမ်းဆောင်ခဲ့ကြောင်း ဂုဏ်ပြုရေးသားလိုက်ရပါသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွဋ် ငလျင်ဒဏ်သင့် တာလေမြို့နှင့် မိုင်းလင်းကျေးရွာတို့၌ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွဋ်သည် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ညနေ ၃ နာရီတွင် လေကြောင်းခရီးဖြင့် တာချီလိတ်မြို့သို့ ရောက်ရှိကြသည်။

ထို့နောက် ဗိုလ်ချုပ်အောင်သန်းထွဋ်သည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ တာလေမြို့သို့ရောက်ရှိကြပြီး ယမန်နေ့ညပိုင်းတွင် မြေငလျင်လှုပ်ခဲ့မှုကြောင့် တာလေမြို့အတွင်း လမ်း၊ တံတားများ၊ လူနေအိမ်များနှင့် အဆောက်အအုံများပျက်စီးမှုများနှင့် တာဝန်ရှိသူများက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာလေမြို့ ကယ်ဆယ်ရေးစခန်း၌ ငလျင်ဒဏ်သင့် ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြား၍ ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

ကျယ်ကျယ်ပြန့်ပြန့်

ယင်းနောက် ဗိုလ်ချုပ်အောင်သန်းထွဋ်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ငလျင်ဒဏ်သင့် တပ်နယ်မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားပြီး နယ်မြေခံတပ်ရင်းများ၏ ပျက်စီးဆုံးရှုံးမှု အခြေအနေများ၊ ငလျင်ဒဏ်သင့် မိုင်းလင်းကျေးရွာအတွင်း လူနေအိမ်များနှင့် အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှု အခြေအနေများနှင့် တာချီလိတ်မြို့ ပြည်သူ့ဆေးရုံ၌ ငလျင်ဒဏ်သင့်ပြည်သူများ ဆေးဝါးကုသမှုခံယူနေမှုတို့ကို လှည့်လည်ကြည့်ရှု၍ လူနာများအား အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများကို ပေးအပ်ပြီး ကယ်ဆယ်ရေးလုပ်ငန်းများ အချိန်တိုအတွင်း ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။ **(သတင်းစဉ်)**



ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွဋ် တာလေမြို့ ကယ်ဆယ်ရေးစခန်း၌ ငလျင်ဒဏ်သင့် ပြည်သူများအား တွေ့ဆုံအားပေးစကား ပြောကြားစဉ်။ (သတင်းစဉ်)

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွဋ် တာလေမြို့အတွင်း ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက အဆိုတင်သွင်းခြင်းနှင့် ပြည်ထောင်စုလွှတ်တော်က လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်းများဆောင်ရွက်

နေပြည်တော် မတ် ၂၅

ယနေ့ကျင်းပသော ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက အသစ်တင်သွင်းသော အဆိုများကို ပြည်ထောင်စုလွှတ်တော်က လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူသည်။

ရှေးဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဗညားအောင်မိုး (ခ) ဒေါက်တာဗညားအောင်မိုးက **“အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဆောင်ရွက်ရန် နိုင်ငံတော် အစိုးရအားတိုက်တွန်းကြောင်း”** အဆိုကို တင်သွင်းသည်။

ယင်းအဆိုကို ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောအောင်ကျော်နိုင် (ခ) ရှားဘူးဖော့က ထောက်ခံတင်ပြသည်။

အစဉ်တစိုက်အလေးထား

ထို့နောက် ယင်းအဆိုကို လွှတ်တော်ကလက်ခံဆွေးနွေးရန် သင့် မသင့် ပြည်သူ့လွှတ်တော်၏ ဆန္ဒကိုရယူရာ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးစောသိန်းအောင်၏ မေးခွန်းနှင့် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၄)မှ ဦးစခုန်တိန့်ယိန်း၏ မေးခွန်းတို့အား နိုင်ငံတော်အစိုးရ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းက အကျယ်တဝင့်ရှင်းလင်းဖြေကြားပြီးဖြစ်ခြင်း၊ နိုင်ငံတော်အပိုင်းက အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် အစဉ်တစိုက် အလေးထားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အပြင် နောင်တွင်လည်း ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်ခြင်းတို့ကြောင့် လွှတ်တော်တွင်ဆက်လက်ဆွေးနွေးရန် မလိုတော့ဟုယူဆသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိသည့်အတွက် စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲရယူသည်။ ယင်းသို့ စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲရယူရာ ၎င်းအဆိုအပေါ် ထောက်ခံမဲ (၁၀၆)မဲ၊ ကြားနေမဲ (၂၀)မဲ၊ ကန့်ကွက်မဲ (၅၂၀)မဲ ဖြစ်သည့်အတွက် ယင်းအဆိုကို လက်ခံဆွေးနွေးရန်မရှိကြောင်း ကြေညာသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုးက **“ပြည်ပ ပြောင်းရွှေ့လုပ်သားများဆိုင်ရာ ဌာနတစ်ခုကို သင့်လျော်သည့် ဝန်ကြီးဌာနလက်အောက်တွင် ဖွဲ့စည်းဆောင်ရွက်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို တင်သွင်းသည်။

ယင်းအဆိုကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်က ထောက်ခံတင်ပြသည်။

ထို့နောက် ယင်းအဆိုကို လွှတ်တော်ကလက်ခံဆွေးနွေးရန် သင့် မသင့် စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးသည့်နည်းဖြင့် အဆုံးအဖြတ်ရယူရာ ထောက်ခံမဲ (၃၃၄)မဲ၊ ကြားနေမဲ (၅၂)မဲ၊ ကန့်ကွက်မဲ (၂၄၉)မဲ ဖြစ်သည့်အတွက် ယင်းအဆို အတည်ပြုကြောင်းနှင့် လက်ခံဆွေးနွေးရန် သဘောတူကြောင်း ကြေညာသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုးက **“ဆေးတက္ကသိုလ်ဝင်ခွင့်ကို ဒေသအလိုက် အချိုးကျသတ်မှတ်ရေး”** အဆိုကို တင်သွင်းရန်ဖြစ်သော်လည်း ဤအဆိုတွင် ကောင်းသည့်အချက်များ ရှိသကဲ့သို့ မကောင်းသည့်အချက်များလည်း ရှိနေသည့်အတွက် ဆက်လက်မတင်သွင်းလိုတော့ပါကြောင်းနှင့် မိမိ၏အဆိုအား လွှတ်တော်တွင် မှတ်တမ်းအနေဖြင့်သာထားရှိပေးပါရန် တင်ပြသည်။

ဆုံးဖြတ်ကြေညာ

အဆိုရှင်၏ ဆန္ဒအရ ဤအဆိုကို လွှတ်တော်က ဆက်လက်ဆောင်ရွက်ရန်မလိုကြောင်း ဆုံးဖြတ်ကြေညာသည်။

ထို့နောက် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင်က **“နိုင်ငံတော်အတွင်း ကြက်၊ ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားခြင်းကြောင့် ကြက်၊ ဘဲများအား သုတ်သင်ရှင်းလင်းရသည့်အခါ မွေးမြူရေးသမား နိုင်ငံသားလုပ်ငန်းရှင်များ မနစ်နာစေရန်အတွက် လျော်ကြေး သို့မဟုတ် ထောက်ပံ့ငွေပေးရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အထူးချေးငွေ ထုတ်ချေးပေးရန် နိုင်ငံတော်အစိုးရအားတိုက်တွန်းကြောင်း”** အဆိုကို တင်သွင်းသည်။

ယင်းအဆိုကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုးက ထောက်ခံတင်ပြသည်။

ထို့နောက် ယင်းအဆိုကို လွှတ်တော်ကလက်ခံဆွေးနွေးရန် သင့် မသင့် ပြည်သူ့လွှတ်တော်၏ ဆန္ဒကိုရယူရာ လွှတ်တော်ကသဘောတူသည့်အတွက် လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည်။

လွှတ်တော်က လက်ခံဆွေးနွေးရန် အတည်ပြုပြီးဖြစ်သည့် အဆိုများနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေး ပြီးဆုံးချိန်တွင် လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နတ်တလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော ဗိုလ်ချုပ်လမ်း ကတ္တရာထပ်ပိုးလွှာလမ်းဖွင့်ပွဲကို မတ် ၁၆ ရက်က အဆိုပါ လမ်းမုခ်ဦး၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှိုင်တက်ရောက်ပြီး မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးရဲထွန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မော်သန်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

စာမျက်နှာ ၇ မှ

ယေဘုယျအားဖြင့် စီးပွားရေးပိတ်ဆို့မှုကို အင်အားကြီးသောနိုင်ငံက အင်အားသေးသော နိုင်ငံအပေါ် ချမှတ်ဆောင်ရွက်ပြီး ပိတ်ဆို့ခံ နိုင်ငံငယ်၏အပြုအမူ၊ မူဝါဒတစ်ရပ်ရပ်အား ပိတ်ဆို့သော နိုင်ငံကြီး၏ အလိုကျဖြစ်စေရန်အတွက် လည်းကောင်း၊ ပိတ်ဆို့သော နိုင်ငံကြီးနှင့် အဆင်မပြေသော၊ ဆန့်ကျင်သော၊ အောက်ကျို့တပည့်ခံခြင်း မရှိသော ပိတ်ဆို့ခံနိုင်ငံငယ်၏ အစိုးရကို ဖြုတ်ချပြီး ၎င်းတို့ အလိုကျ အစိုးရတစ်ရပ်နှင့် ပြောင်းလဲအစားထိုးရန် (Regime Change)အတွက် လည်းကောင်း ပြုလုပ်ကြခြင်းဖြစ်ပါကြောင်း။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) အဖွဲ့ဝင် နိုင်ငံများဖြစ်ကြသည့် အမေရိကန်နိုင်ငံနှင့် ဥရောပသမဂ္ဂဝင် နိုင်ငံများက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ သဘောတူညီပြဋ္ဌာန်းချက်များကို စံနမူနာထား လေးစားလိုက်နာရမည့်အစား (WTO)၏ General Agreement on Tariff and Trade (GATT 1947) Article I and III ၏ အဖွဲ့ဝင်နိုင်ငံအချင်းချင်း ကုန်သွယ်မှုပြုရာတွင် ခွဲခြားဆက်ဆံမှု မရှိစေရန်၊ တန်းတူအခွင့်အရေးပေးရန် ဆိုသော အချက်ကို ချိုးဖောက်ပြီး စီးပွားရေး ပိတ်ဆို့ခဲ့ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅ အရ နိုင်ငံတော်၏ စီးပွားရေးမူဝါဒသည် ဈေးကွက်စီးပွားရေးဖြစ်ပါကြောင်း၊ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်ဆိုလျှင် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ကုမ္ပဏီလုပ်ငန်းရှင်များသည် ပြည်တွင်း၊ ပြည်ပ ဈေးကွက်များ၌ ဝင်ရောက်ယှဉ်ပြိုင်လုပ်ကိုင်နိုင်စွမ်းရှိမှသာ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်ပါကြောင်း၊ ပြည်တွင်းဈေးကွက် တစ်ခြမ်းသည် ဈေးကွက်စီးပွားရေး စနစ်နှင့်အညီလုပ်နိုင်ပြီး ပြည်ပဈေးကွက်တစ်ခြမ်း၌ မလွတ်မလပ်ပိတ်ဆို့မှုများ ဖြစ်ပေါ်နေလျှင် ဈေးကွက်စီးပွားရေးစနစ်ကို အောင်မြင်အောင် အကောင်အထည်ဖော်ရန် အလှမ်းဝေးနေမည်ဖြစ်သည့်အပြင် ယနေ့နိုင်ငံတကာက ပြောဆိုလုပ်ကိုင်နေကြသည့် (Free Market, Free Trade)အဆင့်တွင် ကုန်သည်လုပ်ငန်းရှင်များ၊ တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ စားသုံးသူ ပြည်သူများအားလုံး ထိခိုက်နစ်နာမှု ပိုမိုကြီးမားလာနိုင်သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

အထက်တင်ပြပါ အချက်များအား ပေါင်းခြုံ၍ ကောက်ချက်ချပါက အမေရိကန်နှင့် နောက်လိုက် နောက်ပါ အနောက်အုပ်စုတို့က မြန်မာနိုင်ငံအပေါ် ပိတ်ဆို့နေခြင်းသည် ၎င်းတို့ပြောသည့် ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးအကြောင်းပြချက်များထက် အစိုးရကိုဖြုတ်ချကာ ကိုယ့်လူကိုယ်တင်လိုသည့် နိုင်ငံရေး ရည်ရွယ်ချက်သက်သက်ဖြင့်သာ နိုင်ငံခြားရေးမူဝါဒ လက်နက် ကိရိယာတစ်ရပ်အဖြစ် ကျင့်သုံးခဲ့ခြင်းဖြစ်သည်ကို ခိုင်ခိုင်မာမာဖော်ထုတ်တွေ့ရှိရမည် ဖြစ်ပါကြောင်း။

ရှင်းလင်းဆွေးနွေး

မိမိတို့နိုင်ငံအနေဖြင့် အမျိုးမျိုးအဖုံဖုံသော ပိတ်ဆို့မှုများကြားမှပင် ရန်းကန်ကြိုးပမ်းကာ ရရှိလာသည့် ဝင်ငွေများမှ နိုင်ငံအတွက် အရေးတကြီးလိုအပ်နေသော အခြေခံအဆောက်အအုံ၊ လမ်းတံတားများကိုလည်း အပြင်းအထန်တိုးချဲ့ဖောက်လုပ်ပေးခြင်း၊ စွမ်းအင်အတွက် ရင်းနှီးမြှုပ်နှံမှု ကြီးမားသော ရေအားလျှပ်စစ်စီမံကိန်းများကို အများအပြားတည်ဆောက်ပေးခြင်း၊ နိုင်ငံ့ရိက္ခာနှင့် စီးပွားရေးအတွက် အဓိကကျသော စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်စေရန် ဆည်မြောင်းတာတမံ မြစ်ရေတင်စီမံကိန်းများအား အစုအဖွဲ့ဖြင့် တည်ဆောက်ပေးခြင်း၊ နိုင်ငံတော်ကာကွယ်ရေးအတွက်လည်း ခေတ်မီတပ်မတော်ဖြစ်အောင် တည်ဆောက်ပေးခြင်း၊ ပညာရေးအတွက် ကျောင်းများ၊ တက္ကသိုလ်များ၊ ကျန်းမာရေးအတွက် ဆေးရုံ၊ ဆေးပေးခန်းနှင့် ဆေးဘက်ပညာသင် တက္ကသိုလ်များကိုလည်း တစ်နိုင်ငံလုံး အကြားအလပ်မရှိအောင် တည်ဆောက်ပေးခြင်းတို့ကို နေ့မအား ညမနားအရှိန်အဟုန်ဖြင့် ကြိုးပမ်းလုပ်ဆောင်လာခဲ့ရာ ခိုင်မာသော စီးပွားရေး၊ နိုင်ငံရေး အခြေခံများကို ထူထောင်နိုင်ခဲ့ပါကြောင်းနှင့် ဦးဌေးဦး၏ အဆိုကို လွှတ်တော် အဆုံးအဖြတ်ခံယူအပ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် အဆိုကိုအတည်ပြုရန် သဘောတူ၊ မတူ စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးသည့် နည်းဖြင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲ(၆၂၅)မဲ၊ ကြားနေမဲ (၅)မဲ၊ ကန့်ကွက်မဲ (၄)မဲ ဖြစ်သည့်အတွက် ယင်းအဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

● *ကျော်ဖုံးမှ*

သရုပ်ဆောင်များအနေဖြင့် အကယ်ဒမီ ထွန်းထွန်းဝင်း၊ အကယ်ဒမီ ခင်မို့မို့အေး၊ နိုင်လူ၊ ဘုန်းလျှန်၊ မင်းထက်နှင့် ကျော်ခန့်တို့ပါဝင်သရုပ်ဆောင်ထားသည်။

ယင်းဇာတ်လမ်းကို မြန်မာ့ရုပ်မြင်သံကြား၌ မတ် ၂၆ရက်(စနေနေ့) ည ၇ နာရီနှင့် မတ် ၂၇ ရက်(တနင်္ဂနွေနေ့) ည ၈ နာရီသတင်းများအပြီးတွင်လည်းကောင်း၊ MRTV -4 ရုပ်မြင်သံကြား၌ မတ် ၂၆ ရက်(စနေနေ့) ည ၈ နာရီ သတင်းများအပြီးနှင့် မတ် ၂၇ ရက် (တနင်္ဂနွေနေ့) ည ၈ နာရီ သတင်းမတိုင်မီတွင်လည်းကောင်း၊ Myanmar International ၌ မတ် ၂၆ ရက်(စနေနေ့)မွန်းတည့် ၁၂ နာရီနှင့် မတ် ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲတွင်လည်းကောင်း ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

စိုက်ပျိုးရေးအခြေခံစားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း စုံညီစည်းဝေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မတ် ၂၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေသည် ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ စိုက်ပျိုးရေးအခြေခံစားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဒုတိယအကြိမ် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ရှေးဦးစွာ မြန်မာနိုင်ငံစိုက်ပျိုးရေးအခြေခံစားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ကြိုးပမ်းဆောင်ရွက်

ထို့နောက် ဗိုလ်ချုပ်တင်ငွေက နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသည့်ကဏ္ဍမှ ပါဝင်လျက်ရှိသော စိုက်ပျိုးရေးထုတ်ကုန်အခြေခံစားသောက်ကုန် ထုတ်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်ပသို့ နိုင်ငံတကာအဆင့်မီ ကျန်းမာရေးနှင့် ညီညွတ်သော အရည်အသွေးမြင့် စားသောက်ကုန်များ တိုးတက်ထုတ်လုပ်တင်ပို့နိုင်ရေး၊ နိုင်ငံ့အကျိုး၊ စားသုံးသူပြည်သူများ၏အကျိုးကို အတ္တပရ မျှတစွာဖြင့် ကြိုးပမ်းဆောင်ရွက်ကြရေးနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

အမှာစကားပြောကြား

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌက အမှာစကားပြောကြားသည်။

ထို့နောက် ဗိုလ်ချုပ်တင်ငွေသည် တိုင်းမှူးနှင့်အဖွဲ့ဝင်များနှင့်အတူ စိုက်ပျိုးရေးအခြေခံစားသောက်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှုများနှင့် စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ဓာတ်ခွဲခန်းတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ အစည်းအဝေးကို အစီအစဉ်များအတိုင်း ကျင်းပပြီး သဘာပတိက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၃-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၅း၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	**ပုပင်ခပ်သိမ်းကင်းငြိမ်းသူ** တရားတော် (ဆရာတော် ဓမ္မဒူတ ဒေါက်တာ အရှင်ပညိသာရ)
၆း၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၅၄)
၇း၃၀	MRTV-4 သတင်း
၈း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၁၂)
၈း၄၅	သဒ္ဒါကြည်ဖြူ မြင်းခြံမြို့ရဲ့ ရွှေပြည်စိုးအလှူ
၉း၀၀	ငြိမ်းချမ်းရေးလေပြည်ဆောင်ယူရာ မှဖြစ်တည်လာသောပန်းတစ်ခိုင်…
၉း၁၅	Activities in the City (SONY's 3D Projector မိတ်ဆက်ပွဲအခမ်းအနား)
၉း၂၅	မွေးရန့်တို့ဖြင့် ထုံမွှမ်းအပ်သော
၉း၄၀	Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀း၁၅	စိန်ကြယ်ပွင့်တို့ရဲ့သားအိမ်ခေါင်း ကင်ဆာစကားဝိုင်း (ဒေါက်တာမေသူမျိုးညွန့်၊ တင်မိုးလွင်၊ အိန္ဒြာကျော်ဇင်၊ချစ်သုဝေ)
၁၀း၃၀	သွားမယ်စားမယ် (Coffee VIVA)
၁၁း၀၅	Goals of the Week
၁၁း၂၅	ပန်းချီပြခန်း (ရာဇဝင်ထဲကမဟေသီများ ပန်းချီပြပွဲ)
၁၁း၅၀	ရန်ကုန်မြင်ကွင်းကျယ် (Panasonic မှ ကုန်ပစ္စည်းများအား ဖြန့်ဖြူးရောင်းချပေးလျက်ရှိသော အရောင်းကိုယ်စားလှယ်များအား တွေ့ဆုံဂုဏ်ပြုညစာစားပွဲ)
၁၂း၀၀	ဟိုတယ်လမ်းညွှန် (Ocean Paradise Resort, Ngwe Saung Beach)
၁း၀၀	**ပုပင်ခပ်သိမ်းကင်းငြိမ်းသူ** တရားတော် (ဆရာတော် ဓမ္မဒူတ ဒေါက်တာ အရှင်ပညိသာရ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	VJ Choice
၃း၀၀	ရွှေဈေးကွက်နှင့်ရွှေဝယ်လမ်းညွှန်
၃း၂၀	ခရီးပျော်တို့လမ်းညွှန်ရာ (မြို့ရွှေနေပြည်တော်) (အပိုင်း-၁)
၃း၅၀	ပြီးပြည့်စုံသောအလှတရားအတွက် Angel Fitness Centre
၄း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၁၂)
၄း၅၀	အမျိုးသမီးများနှင့်နှလုံးသွေးကြော ရောဂါအကြောင်းသိကောင်းစရာ
၅း၂၀	ဈေးဝယ်လမ်းညွှန် (Capital Hypermarket နေပြည်တော်)
၅း၃၀	ဂဏန်းသင်္ချာပျော်စရာ
၆း၀၀	MRTV-4 သတင်း
၆း၂၀	စက္ကန့်တိုင်းအသက်ဝင်စေဖို့….
၆း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၅၅)
၇း၂၀	Kanebo 10th Anniversary Time Show (Part-1)
၈း၀၀	MRTV-4 သတင်း (၆၆)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုရုပ်မြင်သံကြားဇာတ်လမ်း **'မွေးနေ့လက်ဆောင်'** ဇာတ်ညွှန်း/ ဒါရိုက်တာ-အကယ်ဒမီဇော်မြင့်ဦး၊ ထွန်းထွန်းဝင်း၊ ခင်မို့မို့အေး၊ နိုင်လူ၊ ဘုန်းလျှန်၊ မင်းထက်၊ ကျော်ခန့်
၈း၃၀	Kid's Show (ရွှေပြည်နန်းကလေးသရုပ်ဆောင်ပြိုင်ပွဲ)
၉း၁၅	ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာမေသက်လွင် Crown Fashion)
၉း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၁၃)
၁၀း၀၅	Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ ဦးငွေးဝင်း) (အပိုင်း-၂)
၁၀း၃၅	အများမြင်စရာနှစ်ပါးသဘင်မဟာ (မြို့ရွှေမန်းသားဖိုးချစ်တို့ကတဲ့ ဇာတ်အလှသဘင်) (အပိုင်း-၁)
၁၁း၂၅	နယဉ်ဆန်းထွင်သစ်သီးအလှဆင် (အကြော်ပွဲအလှဆင်နည်း)
၁၁း၄၀	**အသက်ကလေးရယ်တဲ့ရှည်စေလို** ဦးအောင်လွင်၊ ဦးကြည်စိုး၊ ငှက်ပျောကြော်၊ ထင်ပေါ်၊ မေထွဋ်ခေါင်၊ မျိုးမျိုးခိုင် (ဒါရိုက်တာ-ကြည်စိုး)
၁၁း၅၅	နာဂစ်အလွန်ဝါးနည်းပညာနဲ့ ဆောက်လုပ်ထားတဲ့ အမရာမှ စာသင်ကျောင်းအလှူ
၁၂း၁၅	သူငွေးချောင်း၏ရေအလျင်… လျှပ်စစ်စွမ်းအားဂုဏ်အသွင်
၁၂း၂၅	ငွေဆောင်ခရီးစဉ်မှသည် ဘဝအတွက်ခွန်အားသစ်များ မွေးဖွားခြင်း
၁း၀၀	သီးနှံစိုက်ပျိုးအထွက်တိုး **ပြည်ပဝင်ငွေရစေရာ ဆေးဖက်ဝင်သစ်ခွစိုက်ပါ**
၁း၁၀	လှပချစ်စရာလက်မှုအနုပညာ (Candy Brown)
၁း၄၀	တောင်ငူခေတ်ရဲ့ပုံရိပ်ပန်းချီ တော်ဝင်ကေတုမတီ
၂း၀၅	World of Knowledge (Hippos: Africa's River Beast)
၂း၅၀	သဘာဝအလှရတနာ သစ်ခွကမ္ဘာ
၃း၀၅	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၅	မင်းကွန်းရိုးရာလက်မှုအနုပညာ
၄း၂၀	ကြည်နူးစရာလက်ဆောင်အဖြာဖြာ (Unique Collection)
၄း၃၅	အသွင်ပြောင်းစေမည့် Fiber Tech
၄း၄၀	ကြည်နူးဖူးမဝလေပြီ… ကျိုက်မရောမြို့၏ ဆုတောင်းပြည့် ဘုရားကြီးဂုဏ်ရည်

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၆

၂၀၁၁ခုနှစ် မတ် ၂၆ ရက်တွင် ကျရောက်သော ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဒီပူမိုနီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့် နေပြည်တော် ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ ဆေးဝါးကုသမှုခံယူနေသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အား သွားရောက်တွေ့ဆုံအားပေး

နေပြည်တော် မတ် ၂၅

ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ညနေ ၄ နာရီတွင် နေပြည်တော် ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်၍ ဆေးဝါးကုသမှုခံယူနေသည့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်မြင့်အား သွားရောက်၍ ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့်သည် နေပြည်တော် ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိလာရာ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ဖြူဖြူနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြည့်ရှုအားပေး

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကနှင့်အဖွဲ့ဝင်များသည် ဆေးဝါးကုသမှုခံယူနေသည့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်မြင့်အား ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

အချိန်အခါမဲ့ မိုးရွာသွန်းမှုကြောင့် နွေစပါးနှင့် ဆောင်းသီးနှံများ ထိခိုက်ပျက်စီးမှုမရှိစေရေး တောင်သူလယ်သမားများသို့ နှိုးဆော်ချက်ထုတ်ပြန်

၂၀၁၁ခုနှစ် မတ်လ ၁၀ ရက်နေ့မှ ၁၇ ရက်နေ့အထိ အချိန်အခါမဲ့မိုးရွာသွန်းမှုများ တစ်နိုင်ငံလုံးတွင် ဖြစ်ပေါ်လျက်ရှိပါသည်။ အထူးသဖြင့် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် မိုးဆက်တိုက် ရွာသွန်းလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ တောင်သူများ အောက်ပါအတိုင်း ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်-

- ပဲများရိတ်သိမ်းခါနီး အချိန်ရောက်ရှိနေပြီဖြစ်သည့်အတွက် ရွက်ဖျန်းမြေဩဇာများ၊ ပိုးသတ်ဆေးများနှင့် မှိုသတ်ဆေးများကို မလိုအပ်ဘဲ မသုံးစွဲပါနှင့်။
- မိုးရွာနေစဉ် မတ်ပဲ၊ ပဲတီစိမ်း၊ ထောပတ်ပဲ၊ ဗိုလ်ကိတ်ပဲ၊ ကုလားပဲ စသည့် ပဲမျိုးစုံသီးနှံများနှင့် အခြားသီးနှံများအား ရိတ်သိမ်းခြင်းမပြုပါနှင့်။
- ရိတ်သိမ်းဆဲ၊ ရိတ်သိမ်းပြီး ဆွတ်ခူးပြီးဖြစ်သော ပဲမျိုးစုံသီးနှံ၊ ဆီထွက်သီးနှံနှင့် စားဖိုဆောင်သီးနှံများကို အမိုးအကာအောက်တွင် ဖြန့်ထားရန်နှင့် ခြွေစက်များအသုံးပြု၍ ခြွေလှေ့တလင်းပြောက်စနစ်ကျင့်သုံးပါ။ မိုးမိပါက မိုးပြတ်လျှင်ပြတ်ချင်း နေလှန်းခြင်းကို ဆောင်ရွက်ပါ။
- ရိတ်သိမ်းချိန်လွန်ဖျက်ပိုးများနှင့် ရောဂါများမှ ကြိုတင်ကာကွယ်နိုင်ရန် မသိုလှောင်မီတွင် နေပြခြင်း၊ လေသလပ်ခံထားခြင်းဖြင့် သိုလှောင်ရန် သင့်တော်သော အစိုဓာတ်ရသည်အထိ လျှော့ချပေးပါ။
- စိုက်ပျိုးဖြစ်ထွန်းနေသော နွေစပါးနှင့် ရေသွင်းစိုက်ပျိုးသည့် သီးနှံများတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် ပိုးမွှားကျရောက်၍ ပျက်စီးမှုမရှိအောင် ဂရုပြု၍ကြည့်ရှုပြီး လိုအပ်ပါက မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် ဆက်သွယ်ပါ။
- တောင်သူလယ်သမားများအနေဖြင့် လိုအပ်သောအကူအညီများရှိပါက နီးစပ်ရာ စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့များနှင့် ဆက်သွယ်ဆောင်ရွက်ပါ။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

အောက်ပိုင်းဒေသများ မိုးထစ်ချုန်းရွာမည်

နေပြည်တော် မတ် ၂၅

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကရင်ပြည်နယ်တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် မတ်လ၏ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မတ် ၂၆ ရက် ညနေအထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်မှ တိမ်ထူထပ်မည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မတ်လ စတုတ္ထ ရက်သတ္တပတ်ကုန်ရက်များအတွက် မိုးလေဝသ ခန့်မှန်းချက်မှာ လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ရန်ကုန်တိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။

❒ ကျောဖုံးမှ

ထိခိုက်ဒဏ်ရာရ

မတ် ၂၅ ရက် မွန်းလွဲ ၁ နာရီ ၃၅ မိနစ်အချိန်အထိ ရရှိသောသတင်းများအရ တာချီလိတ်မြို့၊ တာလေမြို့၊ နားယောင်းကျေးရွာ၊ မိုင်းလင်းရွာနှင့် မိုင်းကိုး ကျေးရွာအုပ်စု၊ ကျာကူနီရွာတို့တွင် စုစုပေါင်း အိမ်ခြေ ၂၂၄ လုံးနှင့် ခြောက်ခန်းတွဲ လူနေလိုင်းခန်း တစ်ခု၊ သာသနိက အဆောက်အအုံ ၁၁ ခုနှင့် ဌာနဆိုင်ရာ အဆောက်အအုံ ကိုးလုံး ပြိုကျပျက်စီးခဲ့ပြီး သေဆုံးသူ စုစုပေါင်း ၇၃ ဦးနှင့် ထိခိုက် ဒဏ်ရာရသူ စုစုပေါင်း ၁၂၅ ဦးရှိကြောင်း သိရသည်။

စီစဉ်ဆောင်ရွက်

ငလျင်ဖြစ်ပွားရာနေရာသို့ ဒေသဆိုင်ရာအာဏာပိုင်နှင့် တာဝန်ရှိသူများက သွားရောက်ပြီး လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက် ပေးလျက်ရှိကြောင်းနှင့် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီအနေဖြင့်လည်း ကယ်ဆယ်ရေးအဖွဲ့များစေလွှတ်ပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သန်းထွန်းဦး မြေငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသည့် အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးစဉ်။ (ဝဇဝ)

ပြိုကျပျက်စီး

ငလျင်ဒဏ်ကြောင့် တာလေမြို့၌ ပြိုကျပျက်စီးသွားသည့် နေအိမ်များကို တွေ့ရစဉ်။ (ဝဇဝ)

စီစဉ်ဆောင်ရွက်

ငလျင်ဒဏ်ကြောင့် အိုးမဲ့ အိမ်မဲ့ ဖြစ်သွားသူများအား ကယ်ဆယ်ရေး စခန်းများဖွင့်လှစ်ကာ ဤသို့ ကယ်ဆယ်ရေးလုပ်ငန်းများ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ (ဝဇဝ)

(၆၆)နှစ်မြောက် တပ်မတော်နေ့ ကြိုဆိုဂုဏ်ပြု အမြို့မြို့ အနယ်နယ်၌ လမ်း၊ တံတားများဖွင့်

သပိတ်ကျင်းမြို့နယ်၌ အလျား ပေ ၄၂၆၀၊ အကျယ် ၁၂ရှိ ဗန္ဒဲ-မိုးမိတ်လမ်းဖွင့်ပွဲကို မတ် ၉ ရက်က ကျင်းပရာ နယ်မြေခံတပ်နယ်မှူး၊ မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မတ် ၂၂ ရက်က မော်ဘီမြို့နယ် (၄)ရပ်ကွက် အောင်ချမ်းသာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကိုကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်စိုးလွင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးရဲမင်းကျော်နှင့် ရပ်မိရပ်ဖတစ်ဦးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ပန်းတနော်မြို့နယ် အရှေ့ပိုင်းရပ်ကွက် ကျန်စစ်သားလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၀ ရက်က အဆိုပါလမ်းသစ်ဖွင့်ပွဲမုခ်ဦး၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးအေးသိန်းနှင့် ရပ်မိရပ်ဖ ဦးကိုကိုလွင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ဖယ်ခုံမြို့နယ် ဟိန်းမွေရပ်ကွက်၌ အရှည် ပေ ၈၀၀၊ အကျယ် ၁၂ပေရှိ မြို့ဦးကျောက်ချောလမ်းဖွင့်ပွဲကို မတ် ၁၅ရက်က အဆိုပါ လမ်းဖွင့်ပွဲမုခ်ဦး၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကပ်ကျော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးကျော်မင်းထိုက်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးသိန်းကျော်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

အင်္ဂပူမြို့နယ်၌ အရှည် ၁၄၃၅ ပေ၊ အကျယ် ၁၀ ပေ၊ ဒု သုံးလက်မရှိ မဲဇလီကုန်း ဗိုလ်အောင်ကျော်လမ်း ကတ္တရာထပ်ပိုးလွှာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၂ ရက်က အဆိုပါ မုခ်ဦး၌ ကျင်းပရာ ကတ္တရာလမ်းသစ်ကို မြို့နယ်ဥက္ကဋ္ဌ ဦးလှမ်းမိုးဟန်၊ အမှုဆောင်အရာရှိ ဦးခင်မောင်ဦးနှင့် မြို့မိမြို့ဖ ဦးသန်းအောင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

26-3 (12)AK.pmd 1 3/26/2011, 5:00 AM

မိဘအမည်မှန်

လားရှိုးမြို့ အထက-၂ အဋ္ဌမတန်း(ဂ)မှ မအေးသီတာဦး၏ မိဘအမည်မှန်မှာ ဦးမိုးထင်းရှင် ၁၃/ကခန(ပြု)၀၀၀၁၈၅ နှင့် ဒေါ်အေးကြည် ၁၃/လရန(နိုင်) ၀၈၃၃၇၃ ဖြစ်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် ၃၃ ကံဘဲ့၊ မြေကွက်အမှတ် ၄၄/ခ၊ မြေကွက်တည်နေရာ အမှတ် ၃၁၃၊ မြန်နန္ဒာလမ်း၊ ကျောက်ကုန်း၊ (၁၃)ရပ်ကွက်၊ ရန်ကင်းမြို့နယ် အမည်ပေါက် ဒေါ်မြသိန်းနှင့်ဦးကျော်ဇော မြေပိုင်မြေအား အမည်ပေါက် ဒေါ်မြသိန်းနှင့်ဦးကျော်ဇော နှစ်ဦးအနက် သားဖြစ်သူ ဦးကျော်ဇောကွယ်လွန်သဖြင့် ၎င်း၏အစုအား ဒေါ်ဝါဝါကြည် ၁၂/လမတ(နိုင်)၀၁၄၉၇၄ က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ပူးတွဲပိုင်ရှင် ဒေါ်မြသိန်းနှင့်အတူ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

[illegible]
[illegible]

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ် ၁၁၄၊ မြေကွက်တည်နေရာ အမှတ် ၁၁၄၊ တကောင်း ၇ လမ်း၊ ၅ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးလှဘော်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးလှဘော်နှင့် ဇနီးဒေါ်သက်ရင် ကွယ်လွန်သဖြင့် (၁)ဒေါ်ကြည်အောင် ၁၂/ဥကတ(နိုင်)၀၉၈၅၀၃၊ (၂)ဦးမြနိုင် ၁၂/ဥကတ(နိုင်)၀၀၄၃၀၂ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် အတွက် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ကတ-၁၉၁၂၈ Honda Wave ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းနိုင် ၁၃/တလလ(နိုင်)၀၁၀၁၅၈ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ဆောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန(ခရိုင်ရုံး)၊ တာချီလိတ်။**

မိဘအမည်မှန်

ကျိုင်းတုံမြို့ အလက-၃ ဆဋ္ဌမတန်း(က)မှ နန်းစမ်လှဲန်းဝမ်း၏ မိဘအမည်မှန်မှာ ဦးစိုင်းဝန်းတစ်နှင့် ဒေါ်နန်းထောင်းနွန်းမှန် ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် မလမ/၆၆၇၉ ဟွန်ဒါဝေ့(ဗ်) NF-125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိခွန့်မွန် ၁၀/မဒန(နိုင်)၀၄၉၁၀၇ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ဆောက်ဖော်ပြပါရုံး သို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင် ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်။**

မြေညီတိုက်ခန်းရောင်းမည်

ရွာမကွေ့ကားမှတ်တိုင်အနီး၊ အရှေ့ဘက်လှည်း၊ ထပ်ခိုးအပြည့်ပါ၊ ဘုရင့်နောင်လမ်းမပေါ်၊ လှိုင်မြို့နယ်၊ ထောင့်ကွက်၊ ရွှေမြေ၊ ပေ ၃၀ ပါ၊ ပေ(၁၂×၆၀)၊ ရေမီးစုံ၊ နေရာကောင်း။ ဖုန်း-၀၉-၇၃၀-၁၃၈၀၄

လိပ်ခေါင်းရောဂါ
အထူးအကျိတ်ဆေးဂုဏ်ထူးမာတိကာ 73121554
[illegible]
မိဘဘဆေးခန်း 73038158

ရွှေပလ္လင်
DIMSUM
•ပူပူနွေးနွေး
•သန့်သန့်ရှင်းရှင်း
•အရသာကောင်းကောင်း ရပြီ!
"ဟံသာဝတီလမ်းမသစ်ကြီး" ပေါ်တွင်တည်ရှိသည်။
Open Daily : 6 am - 6 pm ☎ : 538 734, 527 859

သင့်သွေးဖြင့် အသက်ကယ်ပါ

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဟသ်ာတမြို့ ဒူးယားကျေးရွာတွင် နှစ်လက်မ အဝီစိတွင်းတစ်တွင်း၊ ဂါလန် ၆၀၀၀ဆံ့ အုတ်ရေကန်တစ်ကန်၊ ဂါလန် ၁၆၀၀ ဆံ့ အမြင့်တင် ရေစင်နှင့်ရေစက်များ၊ နှစ်လက်မ ဂျီအိုင်ပိုက်လိုင်း ပေ ၆၄၄၀နှင့် အများသုံးရေတိုင် (စည်ပင်မှ ၂၇တိုင်နှင့် ပြည်သူမှ ၁၃ တိုင်) စုစုပေါင်း ရေတိုင် တိုင် ၄၀တို့ကို တည်ဆောက်ပြီးစီး ဖွင့်လှစ်ခြင်းအခမ်းအနားကို မတ် ၂၀ ရက်က ကျင်းပရာ ခရိုင်မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးဌေးမြင့်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

ရန်ကုန်မြောက်ပိုင်းခရိုင် သာသနာ့နဂ္ဂဟအသင်းနှင့် အင်းစိန်မြို့နယ် သာသနာ့နဂ္ဂဟအသင်းတို့ ကြီးမှူး ဖွင့်လှစ်သည့်ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်ပွဲကို မတ် ၂၀ ရက်က အင်းစိန် ဇော့ကန်ရပ်ကွက် ဝါးဦးကျောင်း၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဆွေထံ ခရိုင်သာသနာ့နဂ္ဂဟ အသင်းဥက္ကဋ္ဌ ဦးထိန်ဝင်းက ငွေကျပ် ၆၅၀၀၀ ကျော်တန်ဖိုးရှိ ယဉ်ကျေးလိမ္မာ သင်တန်းစာအုပ်များ ပေးအပ်လှူဒါန်းစဉ်။ (၀၁၇)

မသန်စွမ်းသူများနေ့အထိမ်းအမှတ် လမ်းလျှောက်ပွဲကျင်းပမည်

ရန်ကုန် မတ် ၂၅

လူမှုဝန်ထမ်းဦးစီးဌာန၊ မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း ရန်ကုန်(ရုံးချုပ်)နှင့် Myanmar Autism Association တို့ပူးပေါင်း၍ ဧပြီ ၂ ရက်တွင် ကျရောက်မည့် World Autism Day (2011) အထိမ်းအမှတ် လမ်းလျှောက်ပွဲကို ရန်ကုန်မြို့ ကန်တော်ကြီးပတ်လမ်း၌ ဧပြီ ၂ ရက် နံနက် ၈ နာရီတွင် ကျင်းပမည် ဖြစ်သည်။

ဆက်လက်ကျင်းပမည်

လမ်းလျှောက်ပွဲနှင့် အထိမ်းအမှတ်အခမ်းအနားတွင် မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း ရန်ကုန်(ရုံးချုပ်)၏ ရည်ရွယ်ချက်အတိုင်း မသန်စွမ်းမှုအမျိုးအစားအားလုံးပါဝင်နိုင်ရန် စီစဉ်ထားပြီး လမ်းလျှောက်ပွဲပြီးစီးပါက အထိမ်းအမှတ်အခမ်းအနားကို ရန်ကုန်မြို့ ဗိုလ်ချုပ်ပန်းခြံအတွင်း ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ (၀၀၇)

ကျွန်းလှမြို့နယ်၌ ငါးလုပ်ငန်းအဖွဲ့ချုပ် ဖွဲ့စည်း

ကျွန်းလှ မတ် ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျွန်းလှမြို့နယ်တွင် ငါးလုပ်ငန်း အဖွဲ့ချုပ် ဖွဲ့စည်းခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက်က ဧည့်ရိပ်သာခန်းမ၌ ကျင်းပသည်။ (အောက်ပုံ)

အတည်ပြု

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင် ဦးမြင့်ဦးက ငါးလုပ်ငန်းအဖွဲ့ချုပ် ဖွဲ့စည်းရခြင်းနှင့် ပတ်သက်၍ လည်းကောင်း၊ ကန့်ဘလူမြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်ထွဋ်က ငါးလုပ်ငန်းနှင့် ပတ်သက်၍လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူး ဦးမြင့်အောင်က ငါးလုပ်ငန်းအဖွဲ့ချုပ်၏ ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းကာ ကျွန်းလှမြို့နယ်၏ ငါးလုပ်ငန်းအဖွဲ့ချုပ် ဖွဲ့စည်းအတည်ပြုကြကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ကွင်းဆင်းကြီးကြပ်

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်အင်ဂျင်နီယာ ဦးတင်မောင်အေး တာဝန်ယူဆောင်ရွက်သော လျှပ်စစ်ရုံး အနောက်ဘက် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဇန်နဝါရီ ၂၆ ရက်က အမှုဆောင်အရာရှိ ဦးမျိုးသိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းထွေးတို့ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

မြန်မာ့အလင်း (၆၆)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြု

ယနေ့ထက်တိုင် မြန်မာနိုင်ငံ၌ တပ်မတော်က အမျိုးသား နိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍမှ ရှေ့ဆောင်ရှေ့ရွက်ပြုနိုင်ခြင်း၏ အကြောင်းရင်းတစ်ရပ်မှာ တပ်မတော်က အမျိုးသားရေးကို ထာဝစဉ် သစ္စာစောင့်သိနေ၍ဖြစ်သည်။

သီဟအောင်၏ ဆောင်းပါး စာ - ၈၊ ၉

➤ အစဉ်မမေ့ တပ်မတော်နေ့ နန်းမွန်ဟိန်း၏ ကဗျာ စာ - ၉

လွယ်မွေမြို့အနီးကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၇ ဒသမ ၀ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ခတ်မှုဖြစ်ပွား၊ တာချီလိတ်မြို့၊ တာလေမြို့နှင့် ကျေးရွာအချို့၌ အဆောက်အအုံများပြိုကျပြီး ဒဏ်ရာရသေဆုံးမှုများရှိ ဒေသဆိုင်ရာအာဏာပိုင်နှင့် တာဝန်ရှိသူများက လိုအပ်သည်များပံ့ပိုးကူညီပေးလျက်ရှိ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီကလည်း ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်

နေပြည်တော် မတ် ၂၅

မတ် ၂၄ ရက် ည ၈ နာရီခွဲခန့်တွင် ကျိုင်းတုံမြို့မှ အရှေ့တောင်ဘက် ၃၅ မိုင်ခန့်အကွာ လွယ်မွေမြို့ အနီးကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၇ ဒသမ ၀ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ခတ်မှုဖြစ်ပွားခဲ့ရာ တာချီလိတ်မြို့၊ တာလေမြို့နှင့် ကျေးရွာအချို့၌ အဆောက်အအုံများပြိုကျပြီး ဒဏ်ရာရ သေဆုံးမှုများ ရှိခဲ့သည်။ *စာမျက်နှာ ၁၂ ကော်လံ ၁* ❐

လွယ်မွေမြို့အနီးကို ဗဟိုပြု၍ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ခတ်ခဲ့မှုကြောင့် ကျိုင်းတုံ-တာချီလိတ် ပြည်ထောင်စုလမ်းမကြီး အက်ကွဲသွားသည်ကို တွေ့ရစဉ်။ (ဝ၆ဝ)

တပ်မတော်နေ့ဂုဏ်ပြု ရုပ်မြင်သံကြားဇာတ်လမ်းပြသမည်

နေပြည်တော် မတ် ၂၅

(၆၆)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု "မွေးနေ့လက်ဆောင်" အမည်ရှိ ရုပ်မြင်သံကြားဇာတ်လမ်းကို မတ် ၂၆ ရက် နှင့် မတ် ၂၇ ရက် တို့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ဇာတ်လမ်းကို ဇာတ်ညွှန်း/ဒါရိုက်တာ အကယ်ဒမီ ဇော်မြင့်ဦးက ရိုက်ကူးထားပြီး *စာမျက်နှာ ၁၀ ကော်လံ ၅* ●